သမဏာနဉ္စ ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ၊ ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၇ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇွန် ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၆၄)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အီရန်သမ္မတနိုင်ငံ သံအမတ်ကြီးအားလက်ခံတွေ့ဆုံ

ရန်ကုန် ဇွန် ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အီရန်သမ္မတနိုင်ငံ သံအမတ်ကြီး Mr.Rasoul Eslami အား ယနေ့ညနေ ၄နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

တွေ့ဆုံနှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အီရန်သမ္မတနိုင်ငံ သံအမတ်ကြီး Mr.Rasoul Eslami အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အတွင်းတိုင်းရင်းသားများစုစည်းနေထိုင်၍ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ရန်အရေးကြီး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ခေတ်မီနိုင်ငံတော်ဖြစ်ထွန်းရေးတွင်အဓိက ကဏ္ဍမှပါဝင် ဒေသဝမ်းစာဖူလုံအောင် ဆည်၊ တမံများကိုအသုံးချ၊ သီးထပ်စွမ်းအားမြှင့်မားအောင်ကြိုးပမ်းဆောင်ရွက် စိုက်ပျိုးရေးကိုအခြေခံသည့်စက်မှုနိုင်ငံကူးပြောင်းနိုင်ရေး စက်မှုဇုန်များတိုးတက်လာအောင်အားပေးပံ့ပိုး

ရန်ကုန် ဇွန် ၂၂

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းတို့ လိုက်ပါလျက် ဇွန် ၂၁ ရက် နံနက်ပိုင်းက မကွေးတိုင်း မကွေးမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ မင်းဘူးမြို့ ခရိုင်ပြည်သူ့ဆေးရုံသို့ နံနက် ၈နာရီတွင် ရောက်ရှိကြပြီး ဆေးရုံအုပ်ကြီး ဒေါက်တာကျော်လင်းနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ●

မြန်မာနိုင်ငံပညာရေး ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၂၁ ရက်က မင်းဘူးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာ တစ်စုံ တို့ကို ကျောင်းအုပ်ဆရာမကြီး အား ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- * စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- * အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဇွန်လ ၂၃ ရက်)

ဒေသဖွံ့ဖြိုးတိုးတက်ရေး စဉ်ဆက်မပြတ်လေ့လာ မိမိအဆင့်နှင့် ဆောင်ရွက်နိုင်သည်များ ဖိဖိစီးစီးဆောင်ရွက်

နိုင်ငံတော်အစိုးရသည် စီမံခန့်ခွဲမှုယန္တရားများကို ဗဟိုမှပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအဆင့်အထိ စနစ်တကျ ဖွဲ့စည်းတာဝန်ပေးထားပြီးဖြစ်သည်။ စီမံခန့်ခွဲမှုယန္တရားကို မှန်မှန်ကန်ကန် လည်ပတ်နိုင်ရေးတွင် အုပ်ချုပ်ရေးတာဝန်ထမ်းဆောင်နေကြသော တာဝန်ရှိသူများ၏ အခန်းကဏ္ဍသည် အဓိကကျပေသည်။

ထို့ကြောင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဝီရိယအား၊ စေတနာအားတို့ဖြင့် မိမိတို့ တာဝန်ယူရသောဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဖိဖိစီးစီး အလေးထား ဆောင်ရွက်ကြရန် လိုပေသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဖွဲ့ဝင်များနှင့်အတူ ဇွန်လ၂၀ရက်နေ့က မကွေးတိုင်းရှိ မကွေးမြို့သစ်၊ နတ်မောက်၊ ရေနံချောင်းနှင့် ပွင့်ဖြူမြို့နယ်များသို့ သွားရောက်၍ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့နယ်များ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကျေးရွာသောက်သုံးရေရရှိရေး၊ စိမ်းလန်းစိုပြည်ရေး၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြို့နယ်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင်–

"မြို့နယ်ရှိ တာဝန်ရှိသူများအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဖိဖိစီးစီး ကြိုးပမ်းဆောင်ရွက်ကြရေး၊ မြို့များ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်ရေး၊ အရိပ်ရပင်၊ လေကာပင်၊ ပန်းအလှပင်များ စိုက်ပျိုးရေး၊ လမ်းများကောင်းမွန်အောင် ဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးပြီး စည်ပင်သာယာဝပြောရေးအတွက် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အောက်ခြေအထိ ကွင်းဆင်းပြီး ကျေးလက်နေပြည်သူများနှင့် တစ်သားတည်း နေထိုင်ကျင့်ကြံဆောင်ရွက်ရေး၊ ကျေးလက်ဖွံ့ဖြိုးမှသာ မြို့ပြများလည်း ဖွံ့ဖြိုးစည်ပင်မည်ဖြစ်၍ မိမိမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်အထိဆင်းပြီး စေတနာထား ကြိုးပမ်းဆောင်ရွက်ကြရေး"

မှာကြားသည်။

မြို့သစ်မြို့နယ်သည် နတ်မောက်ဆည်၊ ပုလင်းဆည်၊ စွန်ချောင်းဆည်၊ ဆဒ္ဒန်ဆည်နှင့် ဘုတ်ချောင်းဆည်စသည့် ဆည်ပေါင်းငါးခု၏ ဆည်ရေများကို အပြည့်အဝရရှိသဖြင့် အဓိကသီးနှံ ၁၀မျိုးစလုံး စိုက်ပျိုးဖြစ်ထွန်းလျက်ရှိပြီး မြို့နယ်အနေဖြင့်လည်း ဒေသဝမ်းစာ ဆန်နှင့်ဆီ ဖူလုံသောဒေသဖြစ်သည်ကို တွေ့ရသည်။

နိုင်ငံတော်က အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးအတွက် ၁၃ခရိုင် စိမ်းလန်းစိုပြည်ရေး စီမံချက်များ ချမှတ်ကာ ဆောင်ရွက်လျက်ရှိသည်။ ဒေသစိမ်းလန်းစိုပြည်ရေးအတွက် သစ်တောသစ်ပင် ထိန်းသိမ်းကာကွယ်ရေး၊ တိုးချဲ့စိုက်ပျိုးရေးလုပ်ငန်းများကို မြို့နယ်၏ ဦးဆောင်စီမံခန့်ခွဲမှုဖြင့် လူမှုရေးအသင်းအဖွဲ့များ၏ စွမ်းအားကိုရယူကာ အလေးထား ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

မကွေးတိုင်း တစ်တိုင်းလုံးအနေဖြင့် ဒေသဝမ်းစာဖူလုံခြင်းမရှိသေးသည်ကို တွေ့ရှိရပေရာ ဆည်ရေများကို အကျိုးရှိရှိ အသုံးချကာ ဒေသဝမ်းစာဖူလုံရေးအတွက် ဆန်စပါး တိုးချဲ့စိုက်ပျိုးသွားကြရန် လိုပေသည်။

မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များသည် မိမိတို့မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများအထိ ကွင်းဆင်းကာ ကဏ္ဍအလိုက် လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ စိုက်ပျိုးရေးလုပ်ကိုင်သူ တောင်သူများအနေဖြင့်လည်း စိုက်ပျိုးနိုင်သည့်မြေများတွင် တိုးချဲ့စိုက်ပျိုးရေး၊ သီးထပ်စိုက်ပျိုးရေးတို့ကို အားသွန်ကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများအနေဖြင့် ဗဟိုမှ မြို့နယ်အထိ ကွင်းဆင်းဖြည့်ဆည်းပေးသော လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်သွားကြရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ်လေ့လာပြီး မိမိအဆင့်နှင့် ဆောင်ရွက်နိုင်သည်များကို ဖိဖိစီးစီး ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၃–၆–၂၀၀၄
(ဗုဒ္ဓဟူးနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၆။ မျိုးချစ်တပ်မတော်
၄:၄၀ ၇။ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင်
၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)မြန်မာစာအထူးပြု အားလုံး (ခ)ဝတ်လုံတော်ရ မောင်သောင်းဖေ
၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၆။ မြန်မာ့ရှုခင်း
၆:၄၀ ၁၇။ လျှပ်တစ်ပြက်
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာရွှေအိုး"** (အပိုင်း–၇)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ယနေ့ညအတွက် တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"** (ဒုတိယတွဲ) (အပိုင်း–၂၉)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ့အသေးစားချေးငွေလုပ်ငန်း ညှိနှိုင်းစည်းဝေး ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇွန် ၂၂

မြန်မာ့အသေးစားချေးငွေလုပ်ငန်း၏ ၂၀၀၃–၂၀၀၄ခု ဘဏ္ဍာနှစ် နှစ်ချုပ်နှင့် ၂၀၀၄–၂၀၀၅ခု ဘဏ္ဍာနှစ်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့အသေးစားချေးငွေလုပ်ငန်း(ရုံးချုပ်) အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းဝေးသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဒုတိယဗိုလ်မှူးကြီး အောင်မြင့်ထွန်း၊ ဒုတိယအထွေထွေမန်နေဂျာနှင့် ပြည်နယ်၊ တိုင်းများမှ မန်နေဂျာများ တက်ရောက်ကြသည်။

ဆုချီးမြှင့်

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဝန်ကြီးက အမှာစကားပြောကြားပြီး မြန်မာ့အသေးစားချေးငွေလုပ်ငန်း၏ လုပ်ငန်းခွင်စွမ်းဆောင်ရည်ပိုင်း ဆုရရှိသူများအား ဆုများ ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ကြီးသည် မြန်မာ့အသေးစားချေးငွေလုပ်ငန်း ပြည်နယ်၊ တိုင်း မန်နေဂျာများအား တွေ့ဆုံရာ ပြည်နယ်၊ တိုင်းမန်နေဂျာများက မိမိတို့ပြည်နယ်နှင့် တိုင်းအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

မှာကြား

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်)သို့သွားရောက်၍ မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) အစည်းအဝေးခန်းမ၌ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာများ၊ ဒုတိယအထွေထွေမန်နေဂျာများအား တွေ့ဆုံရာ မြန်မာ့စီးပွားရေးဘဏ်မှ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ဘဏ်လုပ်ငန်းများ အရှိန်အဟုန်မြင့်မားစေရေး အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်သွားကြရန်၊ ပြည်သူများနှင့် ဆက်ဆံရေး ပြေပြစ်ချောမွေ့စေရေး စေတနာကရုဏာထား ဆောင်ရွက်သွားကြရန် မှာကြားသည်။

(သတင်းစဉ်)

နယ်စပ်/စည်ပင်ဝန်ကြီးအား ဂျပန်သံအမတ်ကြီးတွေ့ဆုံ

ရန်ကုန် ဇွန် ၂၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr. Yuji Miyamoto သည် ပန်းဂျုံအတတ်ပညာရှင် ပါမောက္ခ ဒေါက်တာအကီယိုယူဂျီဟာရာ၊ ရန်ကုန်မြို့ JICA ရုံးမှ ဒုတိယဌာနေကိုယ်စားလှယ် မစ္စတာမာကိုတို ရာမာရှီတာနှင့် သံရုံးမှတာဝန်ရှိသူများ ဇွန် ၂၁ရက် မွန်းလွဲ ၃နာရီက လာရောက်ဂါရဝပြု တွေ့ဆုံသည်။(အောက်ပုံ)

ထိုသို့တွေ့ဆုံရာသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး မြင့်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကယားပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ကယားပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊လွိုင်ကော်ခရိုင်နှင့် လွိုင်ကော်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဇွန် ၂၂ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အီရန်သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Rasoul Eslami အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ကယားပြည်နယ်စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းမှုအဖွဲ့ အဖွဲ့ခေါင်းဆောင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးခင်မောင်လတ်က ပြည်နယ်၏ ရာသီဥတု အခြေအနေ၊ ပြည်နယ်၏ စိုက်ပျိုးမြေဧကများ၊ စပါး၊ ဆီထွက်သီးနှံ၊ စားဖိုဆောင်သီးနှံစသည့် သီးနှံအမျိုးမျိုး စိုက်ပျိုးဖြစ်ထွန်းမှုများ၊ ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်မှုများ၊ အထူးသဖြင့် ၂၀၀၄–၂၀၀၅ ခုနှစ်တွင် အထွက်နှုန်းကောင်းသည့် ရွှေရင်အေးစပါးမျိုး မျိုးပွားစိုက်ပျိုးသွားရန် စီစဉ်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ပညာရေးမှူး ဦးဝင်းတင့်က ပြည်နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများနှင့် ဆရာ ဆရာမအင်အား၊ ကျောင်းသားကျောင်းသူများနှင့် ဆရာအင်အား အချိုး၊ အခြေခံပညာကျောင်းများ၌ သင်ကြားမှုသင်ယူမှု အထောက်အကူပြုစာသင်ခန်းများ တည်ဆောက်ဖွင့်လှစ်ပြီးမှု အခြေအနေများ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်ချက်များ၊ ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေး ဆောင်ရွက်နိုင်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ဝင်းက ပြည်နယ်အတွင်းရှိ ပြည်နယ်နှင့်မြို့နယ်ဆေးရုံများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများ၏ပြည်သူများအပေါ် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခြင်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဦးက ပြည်နယ်၏စီးပွားရေး၊ ပညာရေး၊ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ တယ်လီဖုန်းဆက်သွယ်မှု တိုးချဲ့အသုံးပြုနိုင်ရေး၊ မြဝတီရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများရရှိရေး၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် မိမိနှင့်အဖွဲ့ဝင်များသည် ကယားပြည်နယ်၏ဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်မြှင့်တင်ပေးနိုင်ရန် ရာသီဥတုအခြေအနေပေးမှု အပေါ်မူတည်၍ ပြည်နယ်အတွင်းရှိ မြို့နယ်များသို့လှည့်လည်သွားရောက်ခဲ့ကြောင်း။

ကယားပြည်နယ်သည် လူဦးရေနည်းပြီးစိုက်ပျိုးလုပ်ကိုင်ရန် မြေသယံဇာတပေါများသည့် ပြည်နယ်ဖြစ်ရာ စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုလုပ်ငန်းကိုတိုးချဲ့မြှင့်တင်ရန် မြေယာအရင်းအမြစ်များစွာကျန်ရှိနေသည်ဟုဆိုနိုင်ကြောင်း။

မိရိုးဖလာ အစဉ်အဆက်ကတည်းက စိုက်ပျိုးရေးလုပ်ငန်းကို အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ်လုပ်ကိုင်ခဲ့ခြင်း၊ ကျွမ်းကျင်မှုရှိနေခြင်း၊ မြေသယံဇာတရှိသည့်အပြင် သင့်တင့်မျှတသည့်ရာသီဥတုရှိခြင်းတို့ကြောင့် ကယားပြည်နယ်ဖွံ့ဖြိုးရေး၊ စီးပွားရေးတောင့်တင်းစေရေးတို့အတွက် စိုက်ပျိုးရေးကဏ္ဍကိုပင် အဓိကအားကိုးရမှာဖြစ်ကြောင်း။

စိုက်ပျိုးရေးကဏ္ဍအခြေပြု

အလားတူပင် ကယားပြည်နယ် အပါအဝင်ဖြစ်သည့် ပြည်ထောင်စုကြီးတစ်ရပ်လုံး၌လည်း မြေသယံဇာတ၊ ရေသယံဇာတပေါကြွယ်ဝပြီး ပြည်သူအများစုကလည်း လယ်ယာကဏ္ဍလုပ်ငန်းအပေါ် မှီခိုလုပ်ကိုင်နေကြသဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍအပေါ် အခြေပြုရခြင်းဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဦးစားပေး ရင်းနှီးမြှုပ်နှံဆောင်ရွက်ပြီး အားပေးမြှင့်တင်နေခြင်းဖြစ်ကြောင်း။

တိုးတက်မြင့်မားလာ

ယခင်ကထက် တိုင်းပြည်၏အသားတင်စိုက်ပျိုးမြေဧကတိုးတက်လာသကဲ့သို့ သီးထပ်သီးညှပ်စိုက်နိုင်သည့် မြေဧရိယာသည်လည်း သိသိသာသာ တိုးတက်လာကြောင်း၊ သီးနှံစိုက်စွမ်းအားတက်လာသည်နှင့်အမျှ လယ်ယာကဏ္ဍအခြေခံသည့် ကျေးလက်ဒေသစီးပွားရေးအခြေအနေများရော၊ အခြားစီးပွားရေးကဏ္ဍများပါ ဖွံ့ဖြိုးတိုးတက်လာကြောင်း၊ ပြည်နယ်၊ တိုင်းအသီးသီး၌နေထိုင်လျက်ရှိကြသော ပြည်သူများ၏ တစ်နှစ်ပျမ်းမျှ တစ်ဦးချင်းဝင်ငွေမှာလည်း တိုးတက်မြင့်မားလာလျက်ရှိကြောင်း။

စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ပြည်နယ်၊တိုင်းဒေသတစ်ခုနှင့်တစ်ခုအကြား ကွာဟမှုမရှိစေဘဲ တစ်ပြိုင်တည်း မျှမျှတတဖွံ့ဖြိုးလာစေရေးအတွက် နယ်စပ်ဒေသအထူးဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် ဖွံ့ဖြိုးရေးဒေသကြီးများဆိုင်ရာ ဖွံ့ဖြိုးရေးစီမံကိန်းများကိုချမှတ်၍ အကြားအလပ်မရှိစေရအောင် ချိတ်ဆက်အကောင်အထည်ဖော်လျက်ရှိကြောင်း။

ယင်း၏ အကျိုးဆက်အဖြစ် ကယားပြည်နယ်၌ တက္ကသိုလ်၊ ကောလိပ်များပေါ်ထွက်လာခြင်းဖြစ်ကြောင်း၊ ပညာတတ်လူ့အရင်းအမြစ်များပေါ်ထွက်လာရေးအတွက် အဆင့်မြင့် တက္ကသိုလ်၊ ကောလိပ်များဖွင့်သကဲ့သို့ အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ အဆင့်မြှင့်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လွိုင်ကော်မြို့ မြို့တော်ခန်းမတွင် လွိုင်ကော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအတွက် သင်ကြားမှုသင်ယူမှု အထောက်အကူပြုပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်း၌ အသိပညာရှင်၊ အတတ်ပညာရှင်များ လုံလုံလောက်လောက် ရှိနေရန်လိုကြောင်း။

အလေးထားထူထောင်

ထို့ကြောင့် နိုင်ငံတော်အပိုင်းက စီးပွားရေးအခြေခံ အဆောက်အအုံ၊ လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံ၊ လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများသာမက လူ့အရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများကိုလည်း အလေးထား ထူထောင်နေခြင်းဖြစ်ကြောင်း။

ယခုအခါ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်သော အခြေခံအဆောက်အအုံများကိုပြည့်စုံလုနီးပါး ထူထောင်ပေးပြီးဖြစ်ရာ နိုင်ငံတော်တစ်ဝန်းလုံး၌ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု ကျယ်ပြန့်ခိုင်မာလာနေမှု၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး အရှိန်အဟုန် ရရှိနေမှုတို့နှင့်ပေါင်းစပ်၍ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကို တက်ညီလက်ညီ ထူထောင်သွားရမှာဖြစ်ကြောင်း။

ပူးပေါင်းကြိုးပမ်းအားထုတ်

ယင်းသို့သော အခြေအနေ၌ ကယားပြည်နယ်သည်လည်း အခြားပြည်နယ်၊ တိုင်းများနည်းတူ ဖွံ့ဖြိုးတိုးတက်လာအောင် ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်း၍ ကြိုးပမ်းအားထုတ်ကြရန် အထူးလိုအပ်ကြောင်း။

ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုကျယ်ကျယ်ပြန့်ပြန့် ခိုင်မာစွာ တည်ဆောက်နိုင်မှသာ အသိပညာနှင့် အတတ်ပညာပြည့်စုံမှု အကြောင်းတရားဖြင့် ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်သွားနိုင်မှာဖြစ်ကြောင်း။

ကမ္ဘာကြီးသည် မြန်ဆန်သော အရှိန်အဟုန်ဖြင့် ပြောင်းလဲနေသည့်အချိန်၌ ကယားပြည်နယ် အပါအဝင် မိမိတို့ပြည်ထောင်စုကြီးသည်လည်း အလျင်အမြန် ပြောင်းလဲတိုးတက်သွားရန် အထူးလိုအပ်နေပြီဖြစ်ကြောင်း။

တိုးတက်ဖွံ့ဖြိုးမှုနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုသည် အပြန်အလှန် ဆက်စပ်နေကြောင်း၊နိုင်ငံတော်အစိုးရအပိုင်းက တာဝန်ယူဆောင်ရွက်ပေးရမည့် အပိုင်းများကို စေတနာ

စာမျက်နှာ ၆ ကော်လံ ၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရှမ်းပြည်နယ် မိုင်းနောင်မြို့ ပြည်သူ့ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကန်တပ်ဖွဲ့ဝင်လေးဦး ရာမာဒီ၌ တိုက်ခိုက်ခံရမှုကြောင့်သေဆုံး

အီရတ်ကန်ထရိုက်လေးဦး မိုဆူးလ်အနီး၌ အသတ်ခံရ

ဘဂ္ဂဒက် ဇွန် ၂၁

အီရတ်နိုင်ငံအလယ်ပိုင်းရှိ ရာမာဒီမြို့အနီးတွင် တနင်္လာနေ့က တိုက်ခိုက်ခံရမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်လေးဦးသေဆုံးခဲ့ပြီး၊ မြောက်ပိုင်းရှိ မိုဆူးလ်မြို့၌ အီရတ်ကန်ထရိုက်တာလေးဦး အသတ်ခံခဲ့ရသည်ဟု အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့ အာဏာပိုင်များက ဘဂ္ဂဒက်၌ ပြောကြားသည်။

အဆိုပါသေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်လေးဦးသည် ၎င်းတို့၏ အမည်များကို စစ်ဌာနချုပ်တွင် စာရင်းသွင်းထားခြင်းမရှိခဲ့ဟုဆိုသည်။

ရာမာဒီမြို့သည် အမေရိကန်ဆန့်ကျင်တိုက်ခိုက်ရေး အချက်အချာမြို့ဖြစ်သော ဖော်လူဂျာမြို့၏ အနောက်ဘက် မိုင် ၃၀၌ တည်ရှိသည်။

မိုဆူးလ်မြို့အနီး၌ အီရတ်ကန်ထရိုက်လေးဦး၏ ယာဉ်တန်းဖြတ်မောင်းစဉ် လက်လုပ်ဗုံးတစ်လုံး ပေါက်ကွဲခဲ့သဖြင့် အဆိုပါကန်ထရိုက်လေးဦးသေဆုံးပြီး အခြားသုံးဦး ဒဏ်ရာရခဲ့ခြင်းဖြစ်သည်ဟုသိရသည်။

ရှာတွေ့

အီရတ်ဒေသ အုပ်ချုပ်ရေးကောင်စီဝင်တစ်ဦး၏ အလောင်းကို တီကရစ်မြို့အနီး၌ ရှာတွေ့ခဲ့ရကြောင်း အမေရိကန်ဗိုလ်မှူးချုပ် မာ့ခ်ကင်မ်မစ်က သတင်းထောက်များကိုပြောကြားသည်။

ပြောကြား

ထိုအတောအတွင်း မူဆက်အဘူ အယ်လ်ဇာကာဝီ ဦးဆောင်သော အီရတ်ခုခံတိုက်ခိုက်ရေးသမားများက တောင်ကိုရီးယားတစ်ဦး ဓားစာခံအဖြစ်ဖမ်းဆီးထားပြီး အကယ်၍ တောင်ကိုရီးယား တပ်ဖွဲ့ဝင်များကို အီရတ်၌ ဖြန့်ချမည်ဆိုလျှင် ၂၄ နာရီအတွင်း ထိုတောင်ကိုရီးယားလူမျိုးအား သတ်ဖြတ်ပစ်မည်ဟု ပြန်ပေးသမားများက ပြောကြားထားသည်။

(အင်တာနက်)



မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဆန့်ကျင်ဆန္ဒပြ

အီရတ်သို့ တောင်ကိုရီးယားတပ်ဖွဲ့ဝင်များ ဇူလိုင်လအတွင်း စေလွှတ်မည့် ဆုံးဖြတ်ချက်ကို ဆန့်ကျင်ဆန္ဒပြနေသူများအား တောင်ကိုရီးယားနိုင်ငံဆိုးလ်မြို့ရှိအမေရိကန်သံရုံးရှေ့တွင် ဇွန်၂၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်ရေနံပိုက်လိုင်းများ တိုက်ခိုက်ခံနေရ တစ်နေ့လျှင် ရေနံစည်နှစ်သန်းသာ တင်ပို့နိုင်

ဘဂ္ဂဒက် ဇွန် ၂၀

အီရတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံး ရေနံသိုက်တည်ရှိသော နိုင်ငံဖြစ်ပြီး ကမ္ဘာ့ရေနံဈေးကွက်၌လည်း ရေနံထုတ်လုပ်တင်ပို့သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ သို့ရာတွင် နိုင်ငံတွင်းရှိ ရေနံတင်ပို့သော ပိုက်လိုင်းများ တိုက်ခိုက်ခံနေရခြင်းကြောင့် တစ်နေ့လျှင် ရေနံစည် နှစ်သန်းသာတင်ပို့နိုင်သည့်အနေအထားသို့ ရောက်ရှိနေသည်။

မပါဝင်နိုင်

အီရတ်ရေနံလုပ်ငန်းသည် နှစ်ပေါင်းများစွာပြုပြင်မှုမရှိသည့်အပြင် ကုလသမဂ္ဂတားမြစ်ချက်များကြောင့် ခေတ်မမီဘဲရှိရာ ကမ္ဘာ့ရေနံအများဆုံးတင်ပို့သည့် ၁၃နိုင်ငံတွင် မပါဝင်နိုင်ဘဲရှိသည်။

အီရတ်ရေနံတင်ပို့မှုသည် နည်းပါးသော်လည်း ကမ္ဘာ့ရေနံဈေးကွက်တွင် အရေးပါသော တင်ပို့မှုဖြစ်သည့်အပြင် ဆော်ဒီအာရေဗျ ရေနံလုပ်ငန်းကို တိုက်ခိုက်ရန် ခြိမ်းခြောက်မှုများကြောင့် ရေနံဈေးကွက်အတွင်း စိုးရိမ်ပူပန်မှုများ ပေါ်ထွက်နေသည်။ အီရတ်ရေနံလုပ်ငန်းမှာ လုံခြုံမှုအားနည်းသည့်အတွက် ရေနံတင်ပို့သော ပိုက်လိုင်းများ တိုက်ခိုက်ခြင်းခံနေရခြင်းဖြစ်ပြီး၊ အီရတ်အနေဖြင့် မိမိဘာသာ ရပ်တည်နိုင်သည့်အနေအထားသို့ ပြန်လည်ရောက်ရှိအောင် အချိန်များစွာယူရဦးမည်ကြောင်း သိရသည်။

ယခုလကုန်တွင် အီရတ်တို့လက်တွင်းသို့ အချုပ်အခြာအာဏာ ပြန်လည်ရရှိမည်ဖြစ်သော်လည်း ရေနံလုပ်ငန်းတွင် အရေးပါသော ရင်းနှီးမြှုပ်နှံသူများ စိတ်ချလက်ချ ရင်းနှီးမြှုပ်နှံနိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရောက်ရှိရေး နှစ်ပေါင်းများစွာကြာမြင့်အောင် အချိန်ယူရဦးမည်ဖြစ်ကြောင်း သိရသည်။

(စီအင်န်အင်န်)

စစ်ဆေးရေးစခန်း၌ ကားမရပ်၍ ကန်တပ်ဖွဲ့ဝင်များက ပစ်ခတ် တူရကီထရပ်ကားယာဉ်မောင်းသေဆုံး၊ အခြားနှစ်ဦးဒဏ်ရာရ

အန်ကာရာ ဇွန် ၂၁

ဘဂ္ဂဒက်အနီး စစ်ဆေးရေးစခန်းတစ်ခု၌ အမေရိကန်တပ်ဖွဲ့ဝင်များက ကားရပ်ခိုင်းသည်ကို မရပ်တန့်သဖြင့် ပစ်ခတ်မှုကြောင့် တူရကီထရပ်ကားယာဉ်မောင်းတစ်ဦးသေဆုံးပြီး အခြားနှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း တူရကီရုပ်မြင်သံကြားက တနင်္ဂနွေနေ့၌ သတင်းထုတ်လွှင့်သည်။

စီအင်န်အင်န် တူရကီကထုတ်လွှင့်သည့် ကြာသပတေးနေ့ညနေပိုင်း၌ ဖြစ်ပွားခဲ့သည်ဆိုသော ပစ်ခတ်မှုသတင်းကို မိမိအတည်မပြုနိုင်ကြောင်း၊ နောက်ထပ်သတင်းရရန်ကြိုးစားနေကြောင်း အန်ကာရာရှိ အမေရိကန်သံရုံးပြောခွင့်ရှိသူက ပြောကြားသည်။

ဒဏ်ရာရ

ထိုသတင်းနှင့်စပ်လျဉ်း၍ တူရကီအရာရှိများက ချက်ချင်းဝေဖန်ချက်မပေးဘဲရှိသည်။ အင်တီဗွီရုပ်မြင်သံကြားက အဆိုပါထရပ်ကားသည် အမေရိကန်တပ်ဖွဲ့ဝင်များထံပို့မည့် အိမ်ရာဆောက်လုပ်ရေးပစ္စည်းများ သယ်ဆောင်လာခြင်းဖြစ်ပြီး စစ်ဆေးရေးစခန်း၌ မရပ်တန့်ခဲ့ကြောင်း သတင်းထုတ်လွှင့်သည်။

ထရပ်ကား ယာဉ်မောင်းသမားအမည်မှာ ဖေဆယ်ဒီမီယာဖြစ်ပြီး သူ၏အဖော်မှာ အလီမူစလူအိုဂလူဖြစ်၍ အီရတ်စကားပြန်မှာ ဒဏ်ရာရခဲ့သည်ဟု သတင်းဌာနက ဖော်ပြသည်။

ပစ်ခတ်

အမေရိကန်တပ်ဖွဲ့ဝင်များသည် သတိပေးခြင်းမရှိဘဲ ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် မိမိနှင့်စကားပြန်ဖြစ်သူတို့ကို အီရတ်ရဲအဖွဲ့က ကယ်တင်ခဲ့ကြောင်း မူစလူအိုဂလူက ပြောကြားသည်။

လွှတ်ပေး

ဇွန်လအစောပိုင်းကလည်း အမေရိကန်တပ်ဖွဲ့ဝင်များထံ ကူဝိတ်မှနေ၍ ရိက္ခာပစ္စည်းများသယ်လာသော တူရကီထရပ်ကားမောင်းသူတစ်ဦးကို အီရတ်ပြောက်ကျားများက ဖော်လူဂျာ၌ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သော်လည်း ကြာသပတေးနေ့၌ လွှတ်ပေးခဲ့သည်။ အီရတ်ရှိ တူရကီကန်ထရိုက်ကုမ္ပဏီတစ်ခု၌ အလုပ်လုပ်နေသော တူရကီခုနစ်ဦးအား သီတင်းပတ်ကုန်၌ ပြန်ပေးသမားများက လွှတ်ပေးခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ

တရုတ် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိ

ပေကျင်း ဇွန် ၂၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်မသို့ ကမ္ဘာလှည့်ခရီးသွားများလာရောက်မှုမှာ ယခုနှစ်မေလတွင် ၆၁ ဒသမ ၄၂ ရာခိုင်နှုန်းထိ တိုးမြင့်ရောက်ရှိခဲ့သဖြင့် ၂၀၀၂ ခုနှစ်အလားတူကာလကထက် ၁၁ ဒသမ ၃၇ ရာခိုင်နှုန်းကျော် တိုးတက်ပြီး ဝင်ငွေ ၈ ဒသမ ၇၇ သန်းရရှိခဲ့ကြောင်း တရုတ်ခရီးသွားစီမံအုပ်ချုပ်ရေးက သတင်းထုတ်ပြန်သည်။

ပြီးခဲ့သည့် မေလက တရုတ်ပြည်မကြီးသို့ တိုက်ကြီးငါးတိုက်မှ ကမ္ဘာလှည့်ခရီးသွားများ လာရောက်မှုမှာ သိသာထူးခြားစွာ တိုးတက်ခဲ့ကြောင်း တရုတ်နိုင်ငံ ကမ္ဘာလှည့်ခရီးသွား စီမံအုပ်ချုပ်ရေးက ကိန်းဂဏန်းများ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ် နွေဦးရာသီက တရုတ်နိုင်ငံတွင် ကူးစက်မြန်ပြင်းထန်နမိုးနီးယားရောဂါဖြစ်ပွားသည့် အနေအထားမျိုးကြောင့် ကမ္ဘာလှည့်ခရီးသွား အေဂျင်စီများအနေဖြင့် ၎င်းတို့၏ ခရီးစဉ်များကို ဖျက်သိမ်းခဲ့သည့်အတွက် တရုတ်နိုင်ငံ၏ ခရီးသွားလုပ်ငန်းထိခိုက်ခဲ့ရသည်။ တရုတ်နိုင်ငံ ခရီးသွားလုပ်ငန်းအနေဖြင့် ပြီးခဲ့သည့်နှစ်က ကမ္ဘာလှည့်ခရီးသွားကဏ္ဍမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၅ ဘီလီယံရရှိခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ ဆင်ဟွာ

လုံခြုံရေးဆောင်ရွက်

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီး အရပ်တွင် လုံခြုံရေးဆောင်ရွက်နေသော အယ်လ်ဆာဒါ၏ လက်နက်ကိုင်တပ်ဖွဲ့မှ အီရတ်ပြောက်ကျားများကို ဇွန် ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်မှ တပ်ဖွဲ့များရုပ်သိမ်းရေး ဘာစီလိုနာမြို့တွင် လူသုံးထောင်ကျော် ဆန္ဒပြ

မက်ဒရစ် ဇွန် ၂၁

စပိန်နိုင်ငံ ဘာစီလိုနာမြို့လယ်တွင် ဆန္ဒပြသူ ၃၅၀၀ခန့် စုပေါင်း၍ အီရတ်မှ ပြည်ပမှကျူးကျော် တပ်ဖွဲ့များအား ရုပ်သိမ်းရန် တောင်းဆိုခဲ့ကြသည်။

တောင်းဆို

အတူရင်လာဂူယာရာအဖွဲ့က လှုံ့ဆော်ကျင်းပခဲ့သော ကန့်ကွက်ဆန္ဒပြပွဲက အီရတ်နှင့် ပါလက်စတိုင်း ပြည်သူလူထုသို့ နိုင်ငံရေးနှင့် စီးပွားရေးအချုပ်အခြာအာဏာကို ချက်ချင်းလွှဲပြောင်းပေးရန် တောင်းဆိုခဲ့ကြသည်။

ကန့်ကွက်ဆန္ဒပြစဉ်အတွင်း ဆန္ဒပြသူများက အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်၊ ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲနှင့် အစ္စရေးဝန်ကြီးချုပ် အရီယယ်လ်ရှာရွန်တို့ကိုဆန့်ကျင်သည့် ကြွေးကြော်သံများ အော်ဟစ်ခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ် စစ်ပွဲမဖြစ်မီက စီအိုင်အေသတင်းပေး အနည်းငယ်သာရှိခဲ့ စီအိုင်အေ၏ စစ်ဆင်ရေးဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူး ပြောကြား

နယူးယောက် ဇွန် ၂၁

အီရတ်နိုင်ငံတွင် စစ်မဖြစ်မီက အမေရိကန်ဗဟိုထောက်လှမ်းရေးအေဂျင်စီ၌ သတင်းပေးသူ လက်တစ်ဆုပ်စာပင်မရှိခဲ့ရာ မသင်္ကာဖွယ် လက်နက်အစီအစဉ်များကို သတင်းမရရှိနိုင်ခဲ့ကြောင်း စီအိုင်အေ၏ သူလျှိုအကြီးအကဲက တနင်္လာနေ့၌ ပြောကြားလိုက်သည်။

နိုင်ငံခြားရေး မူဝါဒအသင်း၌ မိန့်ခွန်းပြောကြားရာတွင် စစ်ဆင်ရေးဆိုင်ရာ စီအိုင်အေ ဒုတိယညွှန်ကြားရေးမှူး ဂျိမ်းစ်ပါဗစ်က ထိုသို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

အီရတ်နိုင်ငံမြောက်ပိုင်း၌ မိမိတို့၏ လူများကို ထားရှိခဲ့သည့်တိုင်အောင် မိမိတို့၌ သတင်းပေးသူအရေအတွက်သည် လက်တစ်ဆုပ်စာပင် မရှိခဲ့ကြောင်း ပါဗစ်က ပြောကြားသည်။ ၎င်းသည် ဩဂုတ်လထဲ၌ ရာထူးမှ အငြိမ်းစားယူမည်ဖြစ်ကြောင်း ကြေညာထားခဲ့သည်။

ချဉ်းကပ်နိုင်

စီအိုင်အေအနေဖြင့် ဆက်ဒမ်၏ လက်နက်အစီအစဉ်များကို ရရှိနိုင်စွမ်း မရှိခဲ့ကြောင်း၊ သို့ရာတွင် စစ်မဖြစ်ခင်လများအတွင်း စီအိုင်အေသည် အီရတ်၏ နိုင်ငံရေးနှင့် စစ်ရေးဆိုင်ရာ အတွင်းစည်းအတွင်းသို့ ချဉ်းကပ်နိုင်ခဲ့ပြီး အီရတ်နိုင်ငံထဲသို့ ဝင်ရောက်သည့်အခါ၌ အမေရိကန်စစ်ဘက်ဆိုင်ရာက တွေ့ရှိခဲ့သည့် အရေးကြီးသော ထောက်လှမ်းရေးသတင်းများကို စုဆောင်းခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ယခုအခါ အီရတ်၌ စီအိုင်အေရှိသည့် အနေအထားသည် ဗီယက်နမ်စစ်ပွဲမှစပြီး အကြီးမားဆုံးဖြစ်ကြောင်း ပါဗစ်က ပြောကြားသည်။

ပြစ်တင်ရှုတ်ချ

အီရတ်၌ အဖျက်စွမ်းအားကြီးမားသော လက်နက်များရှိခဲ့သည်ဆိုသော စစ်ကြိုခေတ် စွပ်စွဲချက်များအတွက် ဘုရှ်အစိုးရနှင့် အမေရိကန်ထောက်လှမ်းရေး အဖွဲ့များသည် ပြစ်တင်ရှုတ်ချခြင်း ခံခဲ့ကြရသည်။

(အင်တာနက်)

မြန်မာ့အလင်း

နိုင်ငံတကာသတင်းများ



အီရတ်မှအမေရိကန်နှင့်အပေါင်းပါ တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန်တောင်းဆို ဆန္ဒပြနေသူများကို အိန္ဒိယနိုင်ငံနယူးဒေလီမြို့တွင် ဇွန်၂၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

လုံခြုံရေးအခြေအနေကြောင့် ဘဂ္ဂဒက်သို့ ဆေးကုသသွားရန်ပင်ခက်ခဲ

ဘဂ္ဂဒက် ဇွန် ၂၁

အီရတ်နိုင်ငံတစ်ဝန်း၌ အဓိကရုဏ်းများဖြစ်ပွားခဲ့ရာ လွန်ခဲ့သည့်လက သေဆုံးသူ အီရတ်အရပ်သား ၁၀၀ကျော် ရှိပြီ ဖြစ်ကြောင်း သိရသည်။

အီရတ်နိုင်ငံတောင်ပိုင်းရှိ ဘာဆာရာမြို့ ဆေးရုံကြီးရှိ အထူးကြပ်မတ်ကုသဆောင်တွင် အသက်ရှစ်နှစ်အရွယ် အီရတ်ကလေးငယ် အဗ္ဗဒူရက်မန်မာဇူသည် အသက်ရှင်သန်ရန်အတွက် သေမင်းနှင့် စစ်ခင်းနေရသည်။ ၎င်းကလေးငယ်သည် ဦးနှောက်အကျိတ်ရောဂါ ခံစားနေရသည်မှာ လွန်ခဲ့သည့် လေးလခန့်ကဖြစ်ကြောင်း၊ ဓာတ်ရောင်ခြည်ဖြင့် ကုသရန် ဘဂ္ဂဒက်မြို့သို့ သွားရောက်ကုသရမည်ဖြစ်သော်လည်း လုံခြုံရေးမတည်မငြိမ်သေးခြင်းကြောင့် မသွားရောက်နိုင်သေးကြောင်း၊ ထို့အပြင် ၎င်းကိုကုသနေသော အထူးကုဆရာဝန်သည် ပြန်ပေးဆွဲခံခဲ့ရကြောင်း သိရသည်။ **(စီအင်န်အင်န်)**

အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၈၃၇ ဦးရှိပြီ

ဘဂ္ဂဒက် ဇွန် ၂၂

အီရတ်နိုင်ငံတွင် အမေရိကန်ဦးဆောင်သောအပေါင်းအပါတပ်ဖွဲ့များက လွန်ခဲ့သည့်နှစ်မတ်လတွင် စစ်ဆင်ရေး စတင်ပြုလုပ်ခဲ့သည်မှ ၂၀၀၄ ခုနှစ် ဇွန် ၂၁ ရက် တနင်္လာနေ့ရောက်ချိန်၌ အီရတ်တွင် သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၈၃၇ ဦးဖြစ်သည်။ ယင်းအနက် ၆၁၇ ဦးမှာ တိုက်ပွဲ၌ သေဆုံးပြီး ၂၂၀ မှာ အခြားအကြောင်းများကြောင့် သေဆုံးသည်ဟု အမေရိကန်ကာကွယ်ရေးဌာနက ပြောကြားသည်။

သေဆုံး

၂၀၀၃ ခုနှစ် မေ လ ၁ ရက်၌ စစ်ပွဲပြီးကြောင်း သမ္မတဘုရှ်က ကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၆၉၉ဦးဖြစ်ပြီး ယင်းအနက် ၅၀၈ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၁၉၁ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးသည်ဟု စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

သိရ

ထို့ပြင်အီရတ်၌ အခြားတပ်ဖွဲ့ဝင်များလည်းသေဆုံးခဲ့ကြရာ ဗြိတိသျှ ၅၈ဦး၊ အီတလီသား ၁၈ဦး၊ စပိန်ရှစ်ဦး၊ ဘူဂေးရီးယားနှင့် ပိုလန်ခြောက်ဦးစီ၊ ယူကရိန်းလေးဦး၊ ဆလိုဗက်ကီးယားသုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လက်ဗီးယားနှင့် နယ်သာလင်တစ်ဦးစီသေဆုံးကြောင်း သိရသည်။ **(အင်တာနက်)**

ပေါ်တူဂီတစ်ဦးသေဆုံးမှု နိုင်ငံခြားရေးဝန်ကြီးဌာနအတည်ပြု

လစ္စဘွန်း ဇွန် ၂၁

အီရတ်နိုင်ငံတောင်ပိုင်းတွင် ဗုံးတစ်လုံးပေါက်ကွဲမှုကြောင့် အဲလ်ဗားစ်တွင် မွေးဖွားသော ပေါ်တူဂီလူမျိုး အရပ်သား အန်တိုနီယိုဂျူစီမွန်တာရီရို အဘီဟာ သေဆုံးကြောင်း ပေါ်တူဂီနိုင်ငံခြားရေးဝန်ကြီး ဌာနကစနေနေ့တွင် အတည်ပြု ပြောကြားသည်။

အသိပေး

အဆိုပါ ပေါ်တူဂီလူမျိုး သေဆုံးကြောင်းကို အီရတ် မြို့တော် ဘဂ္ဂဒက်ရှိ ဗြိတိသျှသံရုံးက အသိပေးပြောကြားခဲ့ကြောင်း ဝန်ကြီးဌာနက ပြောသည်။

ပေါက်ကွဲမှုမှာ ဗြိတိသျှတပ်ဖွဲ့ဝင်များ တပ်ဖြန့်ချထားသည့် ဘာရိုရာမြို့အနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ခက်ခဲ

ရေနံထုတ်လုပ်ရေးကော်ပို ရေးရှင်းတွင် လုံခြုံရေးအဖြစ် ဆောင်ရွက်လုပ်ကိုင်နေသော မွန်တာရီရိုသည် ပေါ်တူဂီသံရုံးတွင် မှတ်ပုံတင်ထားခြင်း မရှိသဖြင့် ၎င်း၏မိသားစုအား ဆက်သွယ်ရန်ခက်ခဲမည်ဖြစ်ကြောင်း ပေါ်တူဂီအရာရှိတစ်ဦးက ပြောသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်ကျန်းမာရေးဝန်ကြီး၏ ယာဉ်တန်း လမ်းဘေးဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခံရ

ဘဂ္ဂဒက် ဇွန် ၂၁

အီရတ်နိုင်ငံ ကျန်းမာရေးဝန်ကြီး အာလွမ်းသည် စနေနေ့၌ ၎င်းအား လုပ်ကြံသတ်ဖြတ်မှုမှ လွတ်မြောက်ခဲ့သည်။ ဘဂ္ဂဒက်အနောက်ပိုင်းတွင် ၎င်း၏ ယာဉ်တန်းသွားလာနေခိုက် လမ်းဘေးဗုံးပေါက်ကွဲခြင်းဖြစ်ကာ တစ်ဦးတစ်ယောက်မျှ ဒဏ်ရာမရရှိခဲ့ကြောင်းသိရသည်။

ဗုံးပေါက်ကွဲပြီးနောက် လက်နက်ကိုင်များနှင့် ၄၅မိနစ်ကြာ တိုက်ပွဲဖြစ်ပွားခဲ့ရာ အီရတ်ရဲအရာရှိခုနစ်ဦးနှင့် အရပ်သား ၁၀ဦးဒဏ်ရာရရှိခဲ့သည်။ ဘာကူဘာ၌လည်း ရဲအရာရှိတစ်ဦးအား ဦးတည်တိုက်ခိုက်မှုတွင် ၎င်းရဲအရာရှိ လွတ်မြောက်ခဲ့သည်။ တနင်္ဂနွေနေ့က ဖြစ်ပွားသည့် ပေါက်ကွဲမှုတွင် အနည်းဆုံး အရပ်သားနှစ်ဦး ဒဏ်ရာရရှိခဲ့ပြီး ဆာဒါစီးတီး၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင်များဖြစ်ပွားသည့် ပဋိပက္ခကြောင့်အီရတ်သုံးဦးသေဆုံးပြီး ကိုးဦး ဒဏ်ရာရရှိသွားကြောင်း သိရသည်။ **(စီအင်န်အင်န်)**

ပျက်စီး

ဘာကူဘာမြို့အနီး ဆူရစ်ဖ် ကျေးရွာတွင် အမေရိကန် တပ်ဖွဲ့ဝင်များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော အိမ်တစ်လုံးကို ဇွန် ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ – အင်တာနက်)

အီရတ်မြောက်ပိုင်းရှိ စိုက်ပျိုးရေးခြံအချို့ အပင်ဖျက်ရောဂါပိုးကျရောက်နေ

ဘဂ္ဂဒက် ဇွန် ၂၁

အီရတ်နိုင်ငံမြောက်ပိုင်းရှိ စိုက်ပျိုးမွေးမြူရေးခြံအချို့တွင် တစ်ခါဖူးမျှမတွေ့ဖူးသော အပင်ဖျက်ရောဂါပိုးသစ်တစ်မျိုး ပေါ်ပေါက်လျက်ရှိကြောင်း အီရတ်စိုက်ပျိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဆပ်ပ်ဟီအယ်လ်ဂျူမေလီက ကြေညာသည်ဟု အယ်လ်မတ်ရစ်သတင်းစာက စနေနေ့တွင် ဖော်ပြသည်။

အဆိုပါရောဂါကြောင့် ခရမ်းသီးများ၊ အာလူးများ၊ ခရမ်းချဉ်သီးများနှင့် ငရုတ်ကောင်းပင်များ ဆိုးဆိုးရွားရွား ဖျက်ဆီးခဲ့သည်ဟုဆိုသည်။ နယ်စပ်ရှိစခန်းများတွင် မှန်မှန်ကန်ကန်စစ်ဆေးစမ်းသပ်မှုမရှိဘဲ အိမ်နီးချင်းနိုင်ငံများမှ သယ်ဆောင်လာသည့်သီးနှံများသည် ယင်းရောဂါပျံ့နှံ့ရသည့် အကြောင်းရင်းဖြစ်ကြောင်း အယ်လ်ဂျူမေလီ၏ ပြောကြားချက်ကို သတင်းစာက ကိုးကားဖော်ပြသည်။

ဘဂ္ဂဒက်မြောက်ဘက် ကီလိုမီတာ ၄၀၀အကွာ မိုဆူးလ်မြို့ရှိ အယ်လ်ရှီခန်ဒေသနှင့် ဘဂ္ဂဒက်၏ မြောက်ဘက် ကီလိုမီတာ ၄၆၀ အကွာ ဒီဟွတ်ရှိ ကာရွတ်ဒေသတို့အား ရောဂါကျရောက်ရာဒေသများအဖြစ်သတ်မှတ်ရန် ဝန်ကြီးဌာနက အမိန့်တစ်စောင် ထုတ်ပြန်ထားသည်။

ယင်းရောဂါပိုးမွှားများကို နှိမ်နင်းသုတ်သင်ရန်အကျိုးထိရောက်မှုရှိသော နည်းလမ်းများရှာမတွေ့မချင်း အီရတ်၏အခြားမြို့များအတွင်းသို့ အဆိုပါ ဒေသနှစ်ခုမှ သီးနှံများဝင်ရောက်လာမှုကို ဝန်ကြီးဌာနက တားမြစ်ပိတ်ပင်ထားကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လွိုင်ကော်မြို့ မြို့တော်ခန်းမတွင် ကယားပြည်နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

ရှေ့ထား၍ နေ့မအား ညမနားကြိုးစားဆောင်ရွက်ပေးလျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီး

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော စစ်မှန်သည့်ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကိုလည်း ချမှတ်ထားပြီး ယင်းမူဝါဒ လမ်းစဉ်များနှင့်အညီ အမျိုးသား ညီလာခံကြီးကိုလည်း အောင်အောင်မြင်မြင် ကျင်းပနေပြီဖြစ်ကြောင်း။

နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များတစ်ဆင့်ပြီးတစ်ဆင့်အောင်မြင်စွာအကောင် အထည်ဖော်နိုင်ရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော်သွားကြရမှာဖြစ်ကြောင်း။

တက်ညီလက်ညီ ပူးပေါင်းအကောင်အထည်ဖော်နိုင်သည်နှင့်အမျှ မိမိတို့နိုင်ငံ၏ ရေမြေသဘာဝနှင့်ကိုက်ညီသည့် ဒီမိုကရေစီလူ့ဘောင်အဖွဲ့အစည်းကို မှန်မှန်ကန်ကန်မြန်ဆန်စွာ ထူထောင်သွားနိုင်မှာဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် လွိုင်ကော်မြို့နယ် အမှတ်(၁)၊ (၂)၊ (၃)၊ (၄)အခြေခံပညာအထက်တန်းကျောင်းများနှင့် လောပိတအထက်တန်းကျောင်းတို့အတွက် သင်ကြားမှုသင်ယူမှု အထောက်အကူပြုပစ္စည်းများဖြစ်သည့် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာပစ္စည်းများကို သက်ဆိုင်ရာကျောင်းအုပ်ကြီးများအားလည်းကောင်း၊ လွိုင်ကော်မြို့နယ် အခြေခံပညာကျောင်းများအတွက် ဗလာစာအုပ်ဒါဇင် ၅၀၀ ကို မြို့နယ်ပညာရေးမှူးအားလည်းကောင်း ပေးအပ်သည်။

ယင်းနောက် အတွင်းရေးမှူး (၁) နှင့်အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့်ရှမ်းပြည်နယ်သို့ ထွက်ခွာခဲ့ကြရာ မိုင်းပွန်မြို့မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် လွိုင်လင်မြို့သို့ ရောက်ရှိကြသည်။ အတွင်းရေးမှူး (၁)နှင့်အဖွဲ့ဝင်များအား လွိုင်လင်တပ်နယ်မှ ဗိုလ်မှူးကြီးသောင်းအေး၊ ပြည်နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လွိုင်လင်ခရိုင်နှင့်လွိုင်လင်မြို့နယ်မှဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဇွန် ၂၁ ရက်နံနက်ပိုင်းတွင် လွိုင်လင်မြို့မှမိုင်းနောင်မြို့သို့ ရဟတ်ယာဉ်ဖြင့်ရောက်ရှိကြရာ မိုင်းနောင်တပ်နယ်မှဗိုလ်မှူးကြီးဟန်မြင့်၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးစိန်သင်နှင့်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသူရတင်လှ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်သားများနှင့်မိသားစုများကကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် မိုင်းနောင်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်ကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာဆရာမများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မိုင်းနောင်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမောင်မောင်လွင်နှင့် ဌာနအလိုက်တာဝန်ရှိသူများက မိုင်းနောင်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများနှင့်ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဝိုင်းဝန်းဆောင်ရွက်

ရှင်းလင်းတင်ပြသည့် မိုင်းနောင်မြို့၏ပညာရေး၊ကျန်းမာရေး၊လမ်းပန်းဆက်သွယ်ရေး၊ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေး၊ ရုပ်မြင်သံကြားအစီအစဉ်များဖမ်းယူကြည့်ရှုနိုင်ရေး၊ ဌာနဆိုင်ရာစုပေါင်းရုံး ဆောက်လုပ်ရေး၊ အားကစားကွင်းတည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁)ကလိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးပြီး နိုင်ငံတော်၏ကိုယ်စား ဤဒေသသို့ရောက်ရှိတာဝန်ထမ်းဆောင်ကြလျက်ရှိသည့် ဝန်ထမ်းများအနေဖြင့် ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် တက်တက်ကြွကြွဖြင့် အလုပ်လုပ်ရန် လိုသကဲ့သို့ ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပုံများကို ရှင်းလင်းမှာကြားကာ အခမ်းအနားကို တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် အထက်တန်းကျောင်း တိုးချဲ့ကျောင်းဆောင်ဆောက်လုပ်ရန် လျာထားသည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်သူ့ဆေးရုံနှင့် မိုင်းနောင်မြို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

မိုင်းနောင်မြို့ရောက်ရှိစဉ် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့်မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် တာဝန်ရှိသူများ လိုက်ပါလျက် သစ်တောဦးစီးဌာန မိုင်းနောင်မြို့ တာဝန်ခံရုံးသို့သွားရောက်ကြပြီး သစ်ဆိမ့်၊ အော်ရီရား၊ မဲဇလီ၊ ပနားမားငု၊ မန်ကျည်း၊ စိန်ပန်းပု၊ရေသင်းဝင် စသည့်အပင်များနှစ်သောင်းခွဲကျော် ပြုစုပျိုးထောင်ထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

အလားတူ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်မျိုးမင်းတို့သည် သက်ဆိုင်ရာ ဌာနတာဝန်ခံများ၊ ဆရာ ဆရာမများအားတွေ့ဆုံ မှာကြားကြသည်။ အဖွဲ့ဝင်များဖြစ်သည့် ဌာနဆိုင်ရာ အကြီးအကဲများကလည်း သက်ဆိုင်ရာ ဌာနများကို လှည့်လည် ကြည့်ရှု၍ လိုအပ်ချက်များကို ဖြည့်ဆည်းပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မိုင်းနောင်မြို့မှ ဟဲဟိုးလေဆိပ်သို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြပြီး ဟဲဟိုးမှ မြန်မာ့လေကြောင်း လေယာဉ်ခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၂-၆-၂၀၀၆

ခန္တီးမြို့	၄ ဒသမ	၂၁ လက်မ
ဘားအံမြို့	၄ ဒသမ	၀၂ လက်မ
မချမ်းဘောမြို့	၃ ဒသမ	၉၀ လက်မ
ဇောင်းတူမြို့	၃ ဒသမ	၃၉ လက်မ
ဟင်္သာတမြို့	၂ ဒသမ	၈၀ လက်မ
သာယာဝတီမြို့	၂ ဒသမ	၅၆ လက်မ

ပြည်ထောင်စုစိတ်ဓာတ်

❊ တောင်ပေါ်က သွေးချင်းတွေ
မာပါစေ ဆုတောင်း၏။
❊ ဆေးဝါး ဆရာဝန်နဲ့
အာရောဂျံ ပရမံလာဘ်ကို
ပေးအပ်ပါဘိ။
❊ နယ်စပ်က သားချင်းတွေ
တတ်ပါစေ ဆန္ဒရှိ။
❊ ရွှေအိုး ယူငင်ပါလို့
မြတ်ဆရာ သုံးခိုင်ပန်းနဲ့
မြန်းကြွပါဘိ။
❊ ဝေးရပ်က တိုင်းရင်းဆွေ
အေးချမ်းစေ ဆုခြွေ၏။
❊ ရန်မီး ဖယ်ခွာသွေလို့
ဥပဒေမားမားရပ်
စောင့်ကြပ်ပါဘိ။
❊ ရင်ထဲက စေတနာ...။
❊ အပြောတင် ဘယ်မဟုတ်
အလုပ်လည်းပါ။
❊ အလုပ်ရဲ့ သက်သေဟာ
ဘယ်နေရာ ကြည့်ကြည့်။
❊ ယခင်နှင့် မတူ
အသွင်သစ်တွေ သက်သေထူစို့
နောက်ကျသူ တိုင်းရင်းသားကိုလ
ထောက်,မကူ ရိုင်းပင်းထားတာကြောင့်
ခုမျှား မယုံနိုင်စရာပေါ့
ပဒေသာ မြေမှာပေါက်သည့်နှယ်
အံ့လောက်ဖွယ် အတိ။ ။
(နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဂုဏ်ပြုစပ်ဆိုပါသည်။)

ကို (တက္ကသိုလ်)

ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေအားကောင်း

ရန်ကုန် ဇွန် ၂၂

ယနေ့ နံနက်၉နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေကြောင်း သိရသည်။

ဇွန် ၂၃ရက် ညနေအထိ ခန့်မှန်းချက်အရ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မုတ္တမကွေ့၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀ ထိ တိုက်ခတ်နိုင်ပြီး ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

ထောက်ပံ့လှူဒါန်း

လေပြင်းဒဏ်သင့် ခံရပြီး မိမိပိုင်လုပ်ငန်းများ အများအပြားထိခိုက် ဆုံးရှုံးခဲ့ရသည့် ရခိုင်ပြည်နယ်မှ အမျိုးသားညီလာခံကိုယ်စားလှယ်များအား ညီလာခံကိုယ်စားလှယ်များ၏ ကူညီထောက်ပံ့ငွေများကို ဇွန် ၂၁ရက်က ပေးအပ်လှူဒါန်းရာ A.C.E ဆောက်လုပ်ရေးကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာဦးတင့်ဆန်းက ထောက်ပံ့လှူဒါန်းငွေများ ပေးအပ်စဉ်။
(သတင်းဖော်ပြပြီး) (သတင်းစဉ်)



တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

မန္တလေးတိုင်း ညောင်ဦးမြို့နယ် ညောင်ပင်ကန်ကျေးရွာတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ပေး ထားရာ ကျေးရွာသားများ တပျော်တပါး လာရောက်ရေသယ်ယူနေ ကြသည်ကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

ပဲခူးတိုင်း ရေတာရှည်မြို့နယ်တွင် ကျေးလက်ဒေသများသွားလာ ဆက်သွယ်မှု လွယ်ကူစေရေးအတွက် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ဆွာ–ဂုံမင်းကွင်း ကျောက်ချောလမ်းကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–နယ်စပ်/စည်ပင်)



ကင်းပုံတံတား

ဒေသခံပြည်သူများ သွားလာမှု လွယ်ကူစေရေးအတွက် ရခိုင်ပြည်နယ် ဌမြို့နယ် ဌ–သံတွဲလမ်းပေါ်တွင် တည်ဆောက်ထားသော အရှည်ပေ ၄၂၀ရှိ ကင်းပုံတံတားကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး

ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ ဒေသခံပြည်သူများ အသိအမြင်ဗဟုသုတ တိုးပွားစေရန်အတွက် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ဤသို့ တည်ဆောက်ပေးထားသည်။

(ဓာတ်ပုံမှတ်တမ်း–ပြန်/ဆက်)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၂၂ ရက်က မကွေးမြို့ မကွေးတက္ကသိုလ်၌ တာဝန်ခံပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ ဆရာ ဆရာမများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

● *ရှေ့ဖုံးမှ*

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် စာသင်ခန်း၊ သားဖွားမီးယပ်ဆောင်၊ တိုးချဲ့စာသင်ဆောင် တည်ဆောက်မှု လုပ်ငန်း၊ ခွဲစိတ်ခန်း၊ ခွဲစိတ်ဆောင်၊ ဖျားနာဆောင်၊ ကလေးကုသဆောင်၊ ဆေးသိုလှောင်ခန်းနှင့် ဓာတ်ခွဲခန်းတို့ကိုကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ခရိုင်ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်လင်းက ဆေးရုံကြီး၏ကုသရေး၊ သင်ကြားရေး၊ စာသင်ဆောင်တည်ဆောက်ရေး၊ ဝန်ထမ်းရေးရာကိစ္စများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မင်းဘူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျောင်းခန်းမ၌ မင်းဘူးခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံသည်။

အစီအစဉ်အရ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးအောင်က ခရိုင်၏ တည်နေရာနှင့်အကျယ်အဝန်း၊ လူဦးရေ၊ မြေသယံဇာတ၊ မိုးရွာသွန်းမှု၊ စိုက်ပျိုးရေရရှိမှု၊ ၂၀၀၃–၂၀၀၄ ခုနှစ် မိုးစပါး၊ နွေစပါးစိုက်ပျိုးရန်လျာထားချက်၊ စိုက်ပျိုးနိုင်မှုနှင့် ထွက်ရှိမှု၊ အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးမှုနှင့် ထွက်ရှိမှု၊ စိုက်ဧကတိုးချဲ့ရေး၊ အထွက်နှုန်းတိုးရေး၊ ခရိုင်ဝမ်းစာ စပါးနှင့် ဆီဖူလုံမှုအခြေအနေ၊ မွေးမြူရေးလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက စိုက်ပျိုးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း၊ သစ်တောစိုက်ခင်းများ ထူထောင်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များအပြင် ဒေသဖွံ့ဖြိုးရေးအတွက် ထပ်မံလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မင်းဘူးမြို့ အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများအား ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့မိမိဦးဆောင်ပြီး တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များပါဝင်သည့် အဖွဲ့အနေဖြင့် ယနေ့နံနက်ပိုင်းငဖဲနှင့် စေတုတ္တရာမြို့များ သွားရောက်ရန် အစီအစဉ်ရှိသော်လည်း ရာသီဥတုအခြေအနေမပေးမှုကြောင့် မင်းဘူး(စကု)မြို့ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးဖွယ်ရာများနှင့် မြို့နယ်၏တင်ပြချက်များရှိပါက ဖြည့်ဆည်းပေးရန် လာရောက်ခြင်းဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးရေးအတွက် လူမှုရေးကဏ္ဍတွင် အလိုအပ်ဆုံးဖြစ်သည့် ပညာရေး၊ ကျန်းမာရေးလိုအပ်ချက်များကို အဓိကထားဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခင်က အစွန်အဖျားဒေသမှာရှိသည့် ကျေးလက်ဒေသများတွင် ပညာရေး၊ ကျန်းမာရေးအခြေအနေများမှာ များစွာချို့တဲ့လျက်ရှိသည်ကိုတွေ့ရှိရကြောင်း၊ ဥပမာ အချို့ကျေးလက်ဒေသများတွင် ပညာရေးနှင့်ပတ်သက်ပြီး ကိုယ့်အားကိုယ်ကိုး တွဲဖက်မူလတန်းကျောင်း၊ တွဲဖက်အလယ်တန်းကျောင်းစသည်များကိုသာဖွင့်လှစ်ပြီး ပညာသင်ကြားနေရသည့်အခြေအနေများရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့လက်ထက်တွင် ကျေးလက်ဒေသများ၏ ပညာသင်ကြားမှုအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်ရအောင် အဆိုပါကျောင်းများကို ပညာရေးဝန်ကြီးဌာနက တာဝန်ယူသည့် မူလတန်းကျောင်းများ၊ အလယ်တန်းကျောင်းများဖြစ်လာစေရန် စီမံချက်များချမှတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရက နိုင်ငံတော်၏အခြေခံအကျဆုံးဖြစ်သည့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကို ချမှတ်ကာ ဖိဖိစီးစီးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်က အလေးထားဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင် အဆင့်ဌာနဆိုင်ရာများက ကွင်းဆင်းကာ ကျေးလက်ဒေသနေပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း

မကွေးတိုင်းတွင်ရေနံမြေများရှိ၍ နိုင်ငံတော်၏အားထားရသ ပြည်သူတစ်ဦးချင်း ဆန်၊ ဆီစားသုံးမှု အရှေ့တောင်အာရှတွင်အမြင့်ဆုံး

အလားတူ ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်ပြီး အချို့လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် အစွန်အဖျားကျေးလက်ဒေသတွေမှာ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ဌာနနှင့် တိုက်နယ်ဆေးရုံများ ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းမရှိသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် ကျေးလက်ဒေသနေ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ကျေးလက်ဒေသများမှာ ကျေးလက်ကျန်းမာရေးဌာနခွဲ/ဌာနနှင့် တိုက်နယ်ဆေးရုံများကို လိုအပ်လျှင် လိုအပ်သလို အသစ်ဖွင့်လှစ်ခြင်း၊ အဆင့်တိုးမြှင့်ပေးခြင်းများကို စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရန်မှာ အခြေခံအကျဆုံးဖြစ်သည့် ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှ မြို့နယ်များ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သကဲ့သို့ မြို့များ ဖွံ့ဖြိုးတိုးတက်မှလည်း ခရိုင်၊ ပြည်နယ်နှင့် တိုင်းများဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း၊ များကို ကျေးလက်အရောက်သွားပြီး အလေးထားဖြည့်ဆည်းဆောင်ရွက်ပေးသွားကြရန်လိုအပ်ကြောင်း။

တိုးချဲ့စိုက်ပျိုး

ဒေသဝမ်းစာဖူလုံမှုအနေအထားကို ကြည့်မည်ဆိုပါက မင်းဘူးခရိုင်တစ်ခုလုံးအနေဖြင့် ဒေသဝမ်းစာဖူလုံမှုရှိသည့်အပြင် စားသုံးဆီဖူလုံပိုလျှံလျက်ရှိသည်ကိုလည်း တင်ပြချက်အရ သိရှိရကြောင်း၊ သို့သော်လည်း မကွေးတိုင်းအတွင်းရှိ မြို့နယ်အချို့မှာ ဒေသဝမ်းစာဖူလုံမှု မရှိသေးသည့်အနေအထားများကြောင့် ဒေသဝမ်းစာဖူလုံမှုမရှိသည့်ဒေသများသို့ ဖြည့်ဆည်းပေးနိုင်ရေး ရည်မှန်းချက်ထားပြီး ပိုလျှံသည်ထက် ပိုလျှံအောင် စိုက်ပျိုးနိုင်သမျှ တိုးချဲ့စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း။

အရေးကြီးဆုံးအချက်အနေဖြင့် မင်းဘူး(စကု)ဒေသသည် နိုင်ငံတော်အတွက်အရေးပါသည့် ရေနံမြေဒေသတစ်ခုဖြစ်ကြောင်း၊ ရေနံနှင့်သဘာဝ

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၂၁ ရက်က မင်းဘူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ စာသင်ခန်းများအတွင်း လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဓာတ်ငွေ့ထုတ်လုပ်မှုသည် မင်းဘူးခရိုင်တစ်ခုလုံးအတွက်သာမက နိုင်ငံတော်အတွက် အလွန်အရေးပါသည့် ကုန်ထုတ်လုပ်မှုဖြစ်ကြောင်း၊ ထို့ကြောင့် မြို့နယ်နှင့်ခရိုင်တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့တိုးတက်ထုတ်လုပ်ရေးလုပ်ငန်းတွင် လိုအပ်သည်များကို အပြည့်အဝအကူအညီပေးပြီး ပါဝင်ပူးပေါင်းဆောင်ရွက်သွားကြရန်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် မြန်မာနိုင်ငံပညာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မင်းဘူးမြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ Computer Application & E-mail, Computer Aided Instructim Room, Audio Visual Room, Language Lab နှင့် အိမ်တွင်းမှုခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မကွေးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မကွေးတက္ကသိုလ်သို့ရောက်ရှိကြရာ တာဝန်ခံပါမောက္ခချုပ် ဦးတင်မောင်ဦးနှင့် ပါမောက္ခ/ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများနှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

အစီအစဉ်အရ တာဝန်ခံပါမောက္ခချုပ် ဦးတင်မောင်ဦးက တက္ကသိုလ်၏ နောက်ခံသမိုင်း၊ ဖွင့်လှစ်ထားသောသင်တန်းများ၊ သင်ကြားပို့ချသော အထူးပြုဘာသာရပ်များ၊ ဘွဲ့ကြို၊ ဂုဏ်ထူးတန်း၊ မဟာအရည်အချင်းစစ် မဟာတန်းနှင့် အဝေးသင်ကျောင်းသားဦးရေ၊ ကွန်ပျူတာ ၁၅၂ လုံး အသုံးပြုသင်ကြားနေသော IT စာသင်ခန်းများ၊ ဝန်ထမ်းဖွဲ့စည်းပုံနှင့် ခန့်ထားပြီးအင်အား၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပါမောက္ခ၊ ဌာနမှူးနှင့် ဆရာ ဆရာမများက သင်ကြားရေး၊ ဝန်ထမ်းရေးရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးတစ်ရပ်လုံး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မကွေးမြို့ မြို့တော်ခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

အစီအစဉ်အရ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းက မကွေးတိုင်း၏တည်နေရာနှင့် အကျယ်အဝန်း၊ တိုင်းအတွင်း ခရိုင်၊ မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများ

ကြည့်ရှုစစ်ဆေး

အမျိုးသား ကျန်းမာရေး ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နှင့် အဖွဲ့ဝင်များ ဇွန် ၂၁ ရက်က မင်းဘူးမြို့ ခရိုင်ပြည်သူ့ဆေးရုံ အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကြောင်း၊ အထူးသဖြင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများကို ပိုမိုအလေးထားပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပညာရေး၊ ကျန်းမာရေးကဏ္ဍများသည် နိုင်ငံတော်အတွက် လူသားစွမ်းရည် အရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးကို တိုက်ရိုက်အထောက်အကူပြုသည့် ကဏ္ဍများဖြစ်သည့်အတွက် ပိုမိုအလေးထားဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ အရေးကြီးသကဲ့သို့ အခြားသော ကဏ္ဍများသည်လည်း အရေးကြီးကြောင်း၊ သို့သော်လည်း အခြားသော ကဏ္ဍများဖြစ်သည့် စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေးကဏ္ဍများကို မိမိတို့စတင် တာဝန်ယူသည့် ၁၉၈၈ခုနှစ်ကပင် စတင်ပြီး စီမံချက်များ၊ စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိနေသည့် အနေအထားသို့ ရောက်ရှိနေပြီဖြစ်ကြောင်း။

လူသားစွမ်းရည်အရင်းအမြစ်ဖြစ်ထွန်းရေးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ထွန်းရေးမှာ အဓိကအခန်းကဏ္ဍက ပါဝင်လျက်ရှိသည်နှင့်အညီ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို တစ်နိုင်ငံလုံးဖြန့်ကြက်ပြီး မျှမျှတတ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တက္ကသိုလ်ကောလိပ်များ မရှိသေးသည့် ဒေသများတွင် တက္ကသိုလ်များ၊ ကောလိပ်များ တည်ဆောက်ဖွင့်လှစ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မကွေးတိုင်းကို ကြည့်မည်ဆိုပါက မြန်မာနိုင်ငံ၏ အလယ်ဗဟိုကျကျတွင် တည်ရှိနေသည့်အတွက် မြန်မာနိုင်ငံ၏ အလယ်ပိုင်းမြို့တော်ဟုခေါ်ဆိုနိုင်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့်မကွေးတိုင်းကို ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် ကဏ္ဍတို့တွင် မြို့တော် အင်္ဂါရပ်နှင့် ညီညွတ်ရမည်ဆိုသည့်သဘောထားဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည့်စုံအောင် တည်ဆောက်ဖြည့်ဆည်းပေးထားလျက်ရှိကြောင်း။

ဖန်တီးဆောင်ရွက်

စီးပွားရေးနှင့်ပတ်သက်ပြီး တိုင်းအတွင်း စီးပွားရေးအခြေခံကောင်းများဖြစ်ထွန်းအောင် ဆည်/မြောင်းတာတမံများ၊ မြစ်ရေတင်စီမံကိန်းများ၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို ပြည့်ပြည့်စုံစုံဖြစ်အောင် ဖန်တီးဆောင်ရွက်ပေးလျက်ရှိကြောင်း။

မကွေးတိုင်းသည် တိုင်းတစ်ခုလုံး အတိုင်းအတာနှင့်ကြည့်ပါက ဒေသဝမ်းစာဖူလုံမှု မရှိသေးသည်ကို တွေ့ရှိရကြောင်း၊ ပြည်နယ်တစ်ခု၊ တိုင်းတစ်ခု၊ ဒေသတစ်ခုတို့သည် မိမိတို့ပြည်နယ်၊ တိုင်း၊ ဒေသအတွင်း ဝမ်းစာဖူလုံမှသာလျှင် အခြားသောဒေသများကို မှီခိုအားထားရမှုမှ လွတ်ကင်းပြီး ရပ်တည်နိုင်မှာဖြစ်ကြောင်း၊ တင်ပြချက်အရ ဒေသဝမ်းစာဖူလုံမှုမှာ ၇၁ ရာခိုင်နှုန်းခန့်သာရှိသဖြင့် ဒေသဝမ်းစာဖူလုံရေးအတွက် တည်ဆောက်ပေးထားသော ဆည်/မြောင်းတာတမံများ၊ မြစ်ရေတင်စီမံကိန်းများမှ ရေများကိုအကျိုးရှိရှိအသုံးချပြီး တိုးချဲ့စိုက်ပျိုးရေး၊ သီးထပ်စွမ်းအားမြင့်မားအောင် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း။

...ါ်အားထားရသည့် စီးပွားရေးဒေသကြီးတစ်ခုဖြစ်
...ရှတွင်အမြင့်ဆုံးဖြစ်၍ သီးထပ်စိုက်ပျိုးရေးအလေးထား

ကွက်လပ်မကျန် တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်တို့ကို အချိတ်အဆက်မိမိ ချမှတ်ပေးပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး စသည့်ကဏ္ဍအလိုက် တိုးတက်ဖြစ်ထွန်းရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း။

လွန်စွာအရေးပါ

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် အသိပညာရှင်များ၊ အတတ်ပညာရှင်များ အမှန်တကယ် မရှိမဖြစ်လိုအပ်ကြောင်း၊ ထို့ကြောင့် ဒေသအသီးသီးတို့တွင် တက္ကသိုလ်များ၊ ကောလိပ်များ တိုးချဲ့ဖွင့်လှစ် ပေးလျက်ရှိရာတွင် ယင်းအသိပညာရှင်၊ အတတ်ပညာရှင်များကို တက္ကသိုလ်၊ ကောလိပ်များကပင် မွေးထုတ်ပေးရမှာဖြစ်၍ ဆရာကြီး၊ ဆရာမကြီးများအခန်းကဏ္ဍသည် လွန်စွာအရေးပါလှပါကြောင်း။

မိမိတို့ကျောင်းသားကျောင်းသူများအား အသိပညာပိုင်းဆိုင်ရာအပြင် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထူးချွန်ထက်မြက်သူများဖြစ်လာအောင် အလေးထားသင်ကြားပေးရန် လိုအပ်ကြောင်း။

နိုင်ငံတော်အပိုင်းကလည်း တက္ကသိုလ်၊ ကောလိပ်များတွင် လိုအပ်သော သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြုပစ္စည်းနှင့် ဆရာ ဆရာမများ ပြည့်စုံရေးကိုလည်း စီမံချက်ဖြင့် အချိန်ကာလနှင့်လိုက်လျောညီစွာ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ထို့ကြောင့် လူ့အရင်းအမြစ်များ မွေးဖွားသန့်စင်ပေးသည့် တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ ဆရာမများအနေဖြင့် မိမိတို့စွမ်းဆောင်နိုင်သမျှအားကိုမလျှော့ဘဲ တိုးမြှင့်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကွေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

အစီအစဉ်အရ လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ခရိုင်အင်ဂျင်နီယာမှူး ဦးစန်းဝေက မကွေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမဆောက်လုပ်ရေးစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ဘွဲ့နှင်းသဘင်ခန်းမ၏တည်နေရာ၊ အဆောက်အအုံအရွယ်အစားနှင့် အမျိုးအစား၊ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေကို ဗီသုကာပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က လိုအပ်သည်များမှာကြားသည်။

ဖွဲ့စည်းမှု၊ အိမ်ထောင်စုနှင့်လူဦးရေ၊ မြေအသုံးချမှု၊ မိုးရွာသွန်းမှု၊ ဆည်မြစ်ရေတင်လုပ်ငန်းများမှ စိုက်ပျိုးရေရရှိမှု၊ ဆည်မြစ်ရေတင်လုပ်ငန်းများ စိုက်ပျိုးရေဖြင့် စပါးစိုက်ပျိုးနိုင်မှုအခြေအနေ၊ မကွေးတိုင်း ၂၀၀၄–၂၀၀၅ ခုနှစ် သီးနှံစိုက်ပျိုးထုတ်လုပ်ရန် စီစဉ်ဆောင်ရွက်နေမှု၊ အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးပြီးစီးမှုအခြေအနေ၊ မကွေးတိုင်းအတွင်း သီးနှံစုံစိုက်ဧရိယာတိုးတက်လာမှု၊ ဒေသဝမ်းစာဆန်နှင့် ဆီဖူလုံမှုအခြေအနေ၊ အဓိကသီးနှံများ၏ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင်ထွက်ရှိရေးဆောင်ရွက်နေမှု၊ မွေးမြူရေးလုပ်ငန်းအခြေအနေ၊ မကွေးတိုင်း၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မကွေးမြို့ အမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၃) အခြေခံပညာကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ကွန်ပျူတာတစ်စုံစီတို့ကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများအား ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် မိမိနှင့်ဝန်ကြီးများပါဝင်သော အဖွဲ့သည် မကွေးတိုင်းအတွင်းရှိ မြို့နယ်များဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ဖွယ်ရာများကို ဆောင်ရွက် ပေးရန် ရည်ရွယ်ချက် ဆန္ဒသက်သက်ဖြင့် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယမန်နေ့က လည်းမြို့သစ်၊ နတ်မောက်၊ ရေနံချောင်း၊ ပွင့်ဖြူမြို့နယ်များကို သွားရောက်ပြီး မြို့နယ်များ၏ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ခြင်းဖြစ်ကြောင်း။

ဖွံ့ဖြိုးရေးဒေသကြီးများ

ပြည်ထောင်စုနိုင်ငံတော်ကြီးအတွင်းရှိ ပြည်နယ်၊တိုင်းများ၌ တိုင်းရင်းသားညီအစ်ကိုများ စုစည်းနေထိုင်နေသည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်နေရန်အရေးကြီးကြောင်း၊ မိမိတို့လက်ထက်၌ နယ်စွန်နယ်ဖျား နယ်စပ်ဒေသများဖွံ့ဖြိုးရေး၊ ပြည်သူလူထုအများစုနေထိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အလေးထားဆောင်ရွက်နေသကဲ့သို့ ပြည်ထောင်စုကြီး ကွက်လပ်မကျန်မျှမျှတတဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အပေါ် မူတည်ပြီး ဖွံ့ဖြိုးရေးဒေသကြီးများ သတ်မှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း။

နယ်စပ်ဒေသနှင့် အတွင်းပိုင်းဒေသများအကြား ကွာဟမှု၊ မြို့ပြနှင့် ကျေးလက်ဒေသအကြား ကွာဟမှု၊ ဒေသတစ်ခုနှင့်တစ်ခုအကြား ကွာဟနေမှုများကို လျော့နည်းကျဆင်းပြီး ဒေသအားလုံး မျှမျှတတဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ထောင်စုကြီး တိုးတက်ခိုင်မာရေးအတွက် ရှေးရှုဆောင်ရွက်နေခြင်းဖြစ်

ပေးအပ်

မြန်မာနိုင်ငံ ပညာရေး ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၂၁ရက်က မကွေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ကွန်ပျူတာတစ်စုံ တို့ကို ကျောင်းအုပ်ဆရာမကြီး အားပေးအပ်စဉ်။

(သတင်းစဉ်)

မကွေးတိုင်းအတွင်း ဒေသဝမ်းစာ ဖူလုံသွားပါက မကွေးတိုင်းအတွက် ပံ့ပိုးဖြည့်ဆည်းပေးနေရသည့် မြန်မာပြည်အောက်ပိုင်းဒေသများမှ ဆန်စပါးများမှာ နိုင်ငံတော်အတွက် ပိုလျှံမှုရှိလာပြီး နိုင်ငံခြားငွေရှာဖွေပေးနိုင်သည့် အနေအထားသို့ ရောက်ရှိသွားနိုင်မှာဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသဆန်မဖူလုံသေးသည့် ပြည်နယ်နှင့် တိုင်းများအနေဖြင့် ဒေသဆန်ဖူလုံရေးကို နည်းလမ်းအသွယ်သွယ်ဖြင့် ဖိဖိစီးစီးဆောင်ရွက်ရန်ဖြစ်ကြောင်း။

အထွက်နှုန်းတိုးအောင်

မိမိတို့၏နိုင်ငံသည် ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုအရ ပြည်တွင်းစားသုံးမှုအတွက် ဖူလုံမှုရှိသော်လည်း ပြည်ပသို့တင်ပို့နိုင်သည်အထိ ပိုလျှံမှု မရှိသေးသည့်အတွက် ဆန်စပါးထုတ်လုပ်မှုမှ နိုင်ငံတော်အတွက် နိုင်ငံခြားသုံးငွေရှာဖွေပေးနိုင်ခြင်း မရှိသေးကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံရှိ ပြည်သူတစ်ဦးချင်း၏ ဆန်နှင့်ဆီ စားသုံးမှုသည် အရှေ့တောင်အာရှတွင် အများဆုံးဖြစ်နေသည်ကိုတွေ့ရှိရကြောင်း၊ ထို့ကြောင့် ဆန်၊စပါးနှင့် ဆီထွက် သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေးအတွက် စိုက်ဧကတိုးချဲ့ခြင်း၊ သီးထပ်စိုက်ပျိုးခြင်း၊ တစ်ဧကအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ခြင်းတို့ကို အလေးထားစီမံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။ *စာမျက်နှာ ၁၂ ကော်လံ ၅*

ဖွံ့ဖြိုးတိုးတက်လာသော အထက်မြန်မာပြည်၏စပါးကျီ

မိုးထက်မြင့်
(မြစ်ဝကျွန်းပေါ်)

ရဲမက်တော်ခြောက်ကျိပ်ကိုးနဲ့
ရန်မျိုးပလိုလိုအောင်
ကုန်းဘောင်ဆက်မင်း။
ပွင့်လင်းရယ်သာ
ရွှေဘုန်းတော်ထိန်ထိန်ဖြာလို့
ရန်တကာပျက်ပြိုကင်းတယ်
ဘုန်းရောင်ကလင်း။ ။ (ရွှေဘိုဗုံကြီးသံ)

အနော်ရထာဘုရင်မင်းမြတ်သည် ပထမမြန်မာနိုင်ငံတော်ကြီးကို ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ထူထောင်ရာတွင် ပြည့်ရိက္ခာအတွက် ကျောက်ဆည်နယ်မှ လယ်တွင်း ၁၁ ခရိုင်ကို အားပြုခဲ့သည်။ ကျောက်ဆည်သည် ပထမမြန်မာနိုင်ငံတော်ကြီး၏ ပြည့်ဝမ်းဗိုက်ဖြစ်ခဲ့သည်။ ယနေ့အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ဦးတည်ချီတက်နေရာတွင် မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်လျက်ရှိသည်။

တတိယမြန်မာနိုင်ငံတော်ကို ကုန်းဘောင်မင်းဆက်အဖြစ် ထူထောင်နိုင်ခဲ့သည့် အလောင်းမင်းတရားကြီး၏ မြို့တော် ပြည်ရွှေဘိုတည်ရှိသည့် စစ်ကိုင်းတိုင်းသို့ စာရေးသူ ရောက်ခဲ့ပါသည်။ သာသနာရောင်ဝါထွန်းလင်းသည့် စစ်ကိုင်း မင်းဝံတောင်တော်ပေါ်တွင် ဆွမ်းဦးပုညရှင်စေတီတော်အား ဖူးမြော်ကြည်ညိုခဲ့သည်။

မိုးရိပ်မိုးငွေ့များကြားမှ ကမ္ဘာကျော်သော မင်းကွန်းရွာကလေးကိုလည်း ရောက်ခဲ့သည်။

ဘုရား၊ ကျောင်း၊ ကန်၊ စေတီ၊ ပုထိုးတို့သည် သာသနာရောင်ဝါထွန်းလင်းမှုကို ပြသနေသကဲ့သို့ မြန်မာတို့၏ ရှေးဟောင်းယဉ်ကျေးမှု အဆင့် အတန်းကို ဖော်ညွှန်းသည့် ပြယုဂ်များ ဖြစ်ပေသည်။

မြန်မာနိုင်ငံသည် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ပေါကြွယ်ဝသည့် နိုင်ငံဖြစ်ပေသည်။

ထိုရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များတွင် မင်းကွန်းတောင်ရိုးမှ ပုထိုးတော်ကြီး၊ ခေါင်းလောင်းတော်ကြီး၊ ခြသေ့်ကြီး၊ ရေကန်ကြီး ဟူသော ဘိုးတော်ဘုရား၏ ကောင်းမှုတော် ကမ္ဘာကျော် ကြီးလေးကြီးနှင့် မြသိန်းတန်စေတီတော်တို့လည်းပါဝင်သည်။ ထိုရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၏ ခမ်းနားထည်ဝါမှုကြောင့် ကမ္ဘာလှည့်ခရီးသည်တို့သည် မင်းကွန်းတောင်ရိုးသို့ ခြေချင်းလိမ်အောင် လာရောက်လေ့လာလျက်ရှိကြသည်။ ရှေးဟောင်း အမွေအနှစ်များကိုသာမက ယဉ်ကျေးသိမ်မွေ့မှု၊ စာနာထောက်ထားမှု၊ ရိုးပင်းကူညီမှုစသော အမွေအနှစ်များကိုလည်း မြန်မာနိုင်ငံသားတို့ ရရှိခဲ့ကြပေသည်။

စစ်ကိုင်းမြို့နယ် မင်းကွန်းတောင်ရိုးတွင် ဘုရားအလောင်းတော် ဆဒ္ဒန်ဆင်မင်းဘဝဖြစ်စဉ်က ကိန်းအောင်းမွေ့လျော်ရာဖြစ်သောကြောင့် ဆင်ဖြူတောင်ဟူ၍လည်းကောင်း၊ ထို့အပြင် မြတ်စွာဘုရား ဒေသစာရီကြွချီတော်မူစဉ်က တန့်ရပ်ကြည့်ရှုတော်မူရာ ဖြစ်သောကြောင့် "မုနိလောကတောင်"ဟူ၍လည်းကောင်း၊ ကုန်းဘောင်ခေတ် ဘိုးတော်ဦးဝိုင်း (ခေါ်)ဗဒုံမင်းတရားကြီး ကိုယ်တိုင် ဘေးမဲ့ပေးရာဖြစ်သောကြောင့် "အဘယဝိရိ (ခေါ်) ကုန်းဘောင်ခေတ်ဘေးမဲ့တောင်" ဟူ၍လည်းကောင်း အမည်ထူးများဖြင့် ထင်ရှားခဲ့သည်။

မင်းကွန်းသည် စစ်ကိုင်းတောင်တန်း၏ မြောက်ဘက် မင်းကွန်းတောင်ခြေတွင် တည်ရှိသည်။ မန္တလေးမှဆိုလျှင် အနောက်မြောက်ဘက် ခုနစ်မိုင်ခန့် ကွာဝေးသည်။

မင်းကွန်းရွာကလေး၏ အရှေ့ဘက်ဘေးတွင် ဧရာဝတီမြစ်ရေက ရစ်ခွေကာ စီးဆင်းလျက်ရှိရာ အေးချမ်းသာယာသည့် ရွာကလေးဖြစ်သည်။ မန္တလေးမြို့ မရမ်းခြံ(ပိုက်ကျုံး) ဆိပ်ကမ်းမှ မော်တော်ဖြင့် ဖြစ်စေ၊ စစ်ကိုင်းဘက်မှ မော်တော်ကားဖြင့်ဖြစ်စေ မင်းကွန်းသို့ သွားရောက်နိုင်ပေသည်။ စာရေးသူတို့ ကားလေးသည် စစ်ကိုင်း–မုံရွာလမ်းမကြီးအတိုင်း ဆက်လက်မောင်းနှင်ခဲ့သည်။

ခင်ဦးမြို့ကို နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရောက်ရှိစဉ်က ဦးအောင်ဇေယျ ဆွေ့ရိပ်သာခန်းမ၌ ဩဝါဒစကား မြွက်ကြားရာတွင်–

"စစ်ကိုင်းတိုင်းကို မြန်မာနိုင်ငံ အထက်ပိုင်း၏ စပါးကျီဖြစ်ရေး ရည်မှန်းချက်အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းကြရမှာဖြစ်ကြောင်း၊ လယ်ယာစီးပွားရေး အခြေခံသည့်နိုင်ငံတော်ဖြစ်၍ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း၊ ခေတ်မီနိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ရေးအတွက် စိတ်ကူးအကြံဉာဏ်ကောင်းများဖြင့် အလုပ်လုပ်ကြရန် လိုကြောင်း"ဖြင့် လမ်းညွှန်မှာကြားခဲ့သည်။

စာရေးသူတို့သည် ရွှေဘိုမြို့သို့ရောက်ရှိခဲ့ပြီး အလောင်းဘုရား၏အောင်မြေကို နင်းကာ မြန်မာနိုင်ငံ၌အကြီးဆုံးနှင့် အရှေ့တောင်အာရှတွင် အရှည်ဆုံး သဖန်းဆိပ် ရေလှောင်တမံကြီးသို့ သွားရောက်လေ့လာခဲ့သည်။ သဖန်းဆိပ်ရေလှောင်တမံသည် လယ်မြေကေဧ ငါးသိန်းကို စိုက်ပျိုးရေ ပေးဝေနိုင်သော ရေလှောင်တမံကြီး ဖြစ်သည်။ နှစ်စဉ်ရေစီးဆင်းမှုပမာဏ ဧကပေသုံးသန်းကျော်ရှိသည်။ မူးမြစ်ပေါ်တွင် တည်ဆောက်ထားသည့် သဖန်းဆိပ်ရေလှောင်တမံ၌ ထည့်သွင်းတည်ဆောက်ထားသော သဖန်းဆိပ်ရေအားလျှပ်စစ်စက်ရုံမှ ဓာတ်အားများ ထုတ်ပေးနေပြီဖြစ်သည်။

ယနေ့နိုင်ငံတော်တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များ ချမှတ်ကာ အောင်မြင်အောင် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ် ပေါ်ထွန်းရေးပန်းတိုင်ဆီသို့ ဦးလည်မသုန်ချီတက်နေသည်။ ချမှတ်ထားသော ဦးတည်ချက်များ အတိုင်း စီမံကိန်းများချမှတ်ကာ လက်တွေ့ အကောင်အထည်ဖော်လျက်ရှိသည်။ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် စပါးသီးနှံစိုက်ပျိုးရေးသည် အဓိကဖြစ်သည်။

၁၉၉၅ခုနှစ် ဧပြီလ၄ရက်နေ့က စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ် ရွာသာယာနှင့် အနီးပတ်ဝန်းကျင်တွင် ရေလျှံတွင်း ရေလှောင်ကန် ၉၉ ကန် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း ဆောင်ရွက်ပြီးစီးခဲ့သည်။

စစ်ကိုင်းတိုင်း မုံရွာခရိုင် ယင်းမာပင်မြို့နယ် ၉၉ကန် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းကို သစ်တောဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ပုလဲမြို့နယ်၌ ဆည်ရေသောက်ဧရိယာဧက ၁၂၀၀၀ နှင့် သီးနှံဧရိယာဧက ၁၈၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်ရေးအတွက် ယမားချောင်း ရေလှောင်တမံ တည်ဆောက်ပေးခဲ့သည်။

စစ်ကိုင်းမြို့အား မြို့ဇေယျာဟူ၍ ခေါ်ဝေါ်လေ့ရှိသကဲ့သို့ စစ်ကိုင်းတိုင်းကိုလည်း ဇေယျာတိုင်းဟူ၍ အညာမြေတစ်ခွင်တွင် လူသိများသည်။ စစ်ကိုင်းတိုင်းသည် အကျယ်အဝန်းအားဖြင့် ၃၆၅၃၅ စတုရန်းမိုင်ရှိပြီး မြို့နယ်ပေါင်း ၃၈ မြို့နယ်ပါဝင်လျက် ရပ်ကွက်ကျေးရွာပေါင်း ၁၉၇၈ဖြင့် ဖွဲ့စည်းထားရှိသည်။ အရှေ့ဘက်တွင် ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်း၊ တောင်ဘက်တွင် မကွေးတိုင်း၊ အနောက်ဘက်တွင် ချင်းပြည်နယ်၊ မြောက်ဘက်တွင် အိန္ဒိယနိုင်ငံနှင့် ကချင်ပြည်နယ်တို့ ဆက်စပ်တည်ရှိနေသည်။ တိုင်းအတွင်း မှီတင်းနေထိုင်သူ လူဦးရေစုစုပေါင်း သုံးသန်းကျော်ရှိသည်။ မန္တလေးမြို့နှင့် ၁၃မိုင် ဝေးကွာသော တိုင်းမြို့တော် စစ်ကိုင်းမြို့သည် စည်ကားသည့် မြို့တစ်မြို့ ဖြစ်သည်။

စာရေးသူ စစ်ကိုင်းတိုင်းသို့ သွားရောက်စဉ် ငွေသာရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားနှင့် ကြုံကြိုက်ခဲ့သည်။ ငွေသာရေလှောင်တမံသည် ဆားလင်းကြီးမြို့နယ် ငွေသာကျေးရွာအနီး ငွေသာချောင်းပေါ်တွင် တည်ဆောက်ထားသည့် ရေလှောင်တမံဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ လယ်မြေ ဧက ၃၀၀၀ ကို ရေပေးဝေနိုင်ပြီး ဒေသတွင်းကျေးရွာများ သောက်သုံးရေဖူလုံခြင်း၊ ဒေသစိမ်းလန်းစိုပြည်စေခြင်းစသည့် အကျိုးတရားများကိုပါ ဒေသနေပြည်သူများ ရရှိခံစားနေကြပြီး ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"စိုက်ပျိုးရေးလုပ်ငန်းတွင် ရေရရှိရေးသည် အရေးကြီးကြောင်း၊ ထို့ကြောင့် ဆည်မြောင်း၊ ကန်၊ ချောင်းများကို အခြေအနေပေးသည့် ဒေသတိုင်း၌ တိုးချဲ့တည်ဆောက်သွားရမည်ဖြစ်ကြောင်း"** ဖြင့် လမ်းညွှန်မှာကြားထားသည်။

ဤလမ်းညွှန်ချက်နှင့်အညီ ဆည်မြောင်းတာတမံလုပ်ငန်းများကို နိုင်ငံနှင့်အဝန်း ဆောင်ရွက်ပေးလျက်ရှိရာ တစ်နိုင်ငံလုံး အတိုင်းအတာအရ ငွေသာရေလှောင်တမံအပါအဝင် ဆည်မြောင်းတာတမံ လုပ်ငန်းပေါင်း ၁၆၀ ကို ငွေကျပ်သန်းပေါင်း ၆၉၀၀၀ကျော် အကုန်အကျခံ တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။

၁၉၈၈ ခုနှစ်နောက်ပိုင်း စစ်ကိုင်းတိုင်းတွင် တည်ဆောက်ပေးခဲ့သည့် ဆည်တမံလုပ်ငန်းများအနေဖြင့် ငွေသာရေလှောင်တမံ အပါအဝင် ၁၆ခု ရှိရာ စုစုပေါင်းဆည်ရေသောက်ဧရိယာ ဧက ၃၆၀၀၀၀ ကျော်ကို အကျိုးပြုနေပြီဖြစ်သည်။ ဆားလင်းကြီးမြို့နယ်တွင် ငွေသာရေလှောင်တမံနှင့် ဆားလင်းကြီး ရေလှောင်တမံတို့ကို တည်ဆောက်ပေးထားသည်။

စစ်ကိုင်းဒေသသည် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်နှင့် မူးမြစ်တို့ ဖြတ်သန်းစီးဆင်းရာ ဒေသဖြစ်သည့်အတွက် ဤမြစ်ကြီးများကို အခြေခံပြီး စိုက်ပျိုးရေးကို အကျိုးပြုစေမည့် လျှပ်စစ်နှင့် ဒီဇယ်မြစ်ရေတင်စီမံကိန်းများကိုလည်း နိုင်ငံတော်က စီမံဆောင်ရွက်ပေးရာ မြစ်ရေတင် စီမံကိန်းပေါင်း ၄၈ ခုက ဒေသခံပြည်သူများကို အကျိုးပြုလျက်ရှိသည်။ ဆက်လက်၍လည်း မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိနေသည်။ စစ်ကိုင်းတိုင်းအတွင်း အချို့ဒေသများတွင် မြေအောက်ရေ စုဖွဲ့မှုများရှိခြင်းကြောင့် ဤရေများကို မြေအောက်မှမြေပေါ်သို့ ရောက်ရှိအသုံးပြုနိုင်ရေးအတွက် စက်တွင်း၊ လက်တွင်း၊ ရေလျှံတွင်းများဖြင့် စနစ်တကျ တူးဖော်ထားရှိသည်။ ယင်းတို့အနက် ယင်းမာပင်မြို့နယ်အတွင်း ဧက ၁၀၀၀၀ ခန့်ကို ရေပေးဝေနိုင်သည့် ရွာသာယာ ရေလှောင်ကန် ၉၉ ကန် ရေလျှံတွင်းစီမံကိန်းသည် တစ်ခုအပါအဝင် ဖြစ်သည်။

စစ်ကိုင်းတိုင်း၏ အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ စပါး၊ ဂျုံ၊ နှမ်း၊ မြေပဲ၊ ပဲမျိုးစုံနှင့် ဝါသီးနှံစိုက်ပျိုးသည်။ ဗာဂျီးနီးယားဆေးကို အများအပြား စိုက်ပျိုးကြသည်။ ဆေးပေါင်းရုံများလည်းရှိသည်။ ဂျုံတန်ချိန် မြောက်မြားစွာထွက်ရှိသည်။ စစ်ကိုင်းတိုင်းမှ ထွက်ရှိသော ဂျုံပမာဏသည် တစ်နိုင်ငံလုံး ဂျုံထွက်ကုန်၏ ၇၆ ရာခိုင်နှုန်းကျော်အထိရှိပါသည်။ ပဲမျိုးစုံစိုက်ပျိုးမှုတွင်လည်း တစ်နိုင်ငံလုံး၏အများဆုံးထွက်သည့် တိုင်းအဖြစ် စံချိန်တင်လျက်ရှိသည်။

ယခုအခါ နိုင်ငံတော်က စစ်ကိုင်းတိုင်းကို အထက်မြန်မာပြည်၏စပါးကျီဖြစ်ရမည်ဟု သတ်မှတ်လုပ်ကိုင်လျက်ရှိသည်။ ဒေသဖွံ့ဖြိုးမှု လျင်မြန်စေရန်အတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် လယ်ယာသုံးပစ္စည်းများ အသုံးပြုရမည်ဖြစ်ရာ မုံရွာစက်မှုဇုန်မှ လက်တွန်းထွန်စက်၊ ရိတ်သိမ်းစက်၊ ခြွေလှေ့စက်များ ထုတ်လုပ်နေပြီဖြစ်၍ နယ်မြေဒေသအတွင်း တိုးချဲ့အသုံးပြုရေး ဆောင်ရွက်သွားမည်ဟု သိရသည်။

စာရေးသူတို့သည် စစ်ကိုင်းမြို့နယ် နံ့တွင်းကျေးရွာအနီး၌ တည်ဆောက်ထားသော ကျောက်ဘုရားရေလှောင်တမံသို့လည်း ရောက်ရှိခဲ့သည်။ အလျား ပေ ၇၀၀၊ အမြင့်ပေ ၅၀ရှိ မြေသားတမံအဖြစ် တည်ဆောက်ထားကြောင်းသိရသည်။ ရွှေဘို–မန္တလေးကားလမ်းအနီး စစ်ကိုင်းမြို့နယ် တန်းဖူးတောင်ကျေးရွာရှိ တန်းဖူးတောင်ကျေးလက်ဆည်ကိုလည်း ဝင်ရောက် လေ့လာခဲ့သည်။

ယခုတစ်ပတ် စာရေးသူ၏ဖခင်၏ဇာတိ ဇေယျာရွှေမြေသို့ ခရီးတစ်ထောက်ရောက်ခဲ့ရာ စစ်ကိုင်းတိုင်းသည် အဘက်ဘက်မှဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး အထက်မြန်မာပြည်၏စပါးကျီအဖြစ် ကူးပြောင်းရောက်ရှိနေသည်ကို ဝမ်းသာအားတက်ဖွယ်တွေ့မြင်ခဲ့ရပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ်တွင် တည်ဆောက်ပေးထားသော သဖန်းဆိပ်ရေလှောင်တမံကို တွေ့မြင်ရစဉ်။ (သဖန်းဆိပ်ရေလှောင်တမံသည် လယ်မြေဧက ငါးသိန်းကို စိုက်ပျိုးရေပေးဝေနိုင်သော ရေလှောင်တမံကြီးဖြစ်သည်။ ရေလှောင်တမံ၌ ထည့်သွင်းတည်ဆောက်ထားသော သဖန်းဆိပ် ရေအားလျှပ်စစ်စက်ရုံမှ ဓာတ်အားများ ထုတ်ပေးနေပြီဖြစ်သည်။) **(ဓာတ်ပုံမှတ်တမ်း– မြန်မာ့အလင်း)**

23-6 (10).p65 10 03/24/1905, 5:48 PM

မြန်မာအမျိုးသမီးများနေ့ကျင်းပရေးလုပ်ငန်းညှိနှိုင်းစည်းဝေး အဖွဲ့ခေါင်းဆောင်များလုပ်ငန်းဆောင်ရွက်မှုရှင်းလင်းတင်ပြ

ရန်ကုန် ဇွန် ၂၂

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၀၄ ခုနှစ် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သံလွင်လမ်း အမှတ်(၁၃၂)ရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာအမျိုးသမီးများနေ့ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပါမောက္ခ ဒေါက်တာဒေါ်မေမေရီ၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ခင်ခင်ဝင်း၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်း၊ လုပ်ငန်းကော်မတီဝင်များ၊ လုပ်ငန်း ကော်မတီ အကြံပေးပုဂ္ဂိုလ်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြော

အစည်းအဝေးတွင် ရှေးဦးစွာ မြန်မာအမျိုးသမီးများနေ့ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အဖွင့်အမှာစကား ပြောကြားသည်။

(အပေါ်ပုံ)

ထို့နောက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအဖွဲ့များဖြစ်ကြသည့် သစ်ပင် စိုက်ပျိုးရေးလုပ်ငန်းအဖွဲ့၊ ၂၀၀၄ခုနှစ် အမျိုးသမီးရေးရာ နှစ်ပတ်လည်မဂ္ဂဇင်းထုတ်ဝေရေးအဖွဲ့၊ အမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ ကျင်းပပြုလုပ်ရေးအဖွဲ့၊ တေးသီချင်းများ၊ ပညာပေး ရုပ်မြင်သံကြားဇာတ်လမ်းများ ထုတ်လွှင့်ရေးအဖွဲ့တို့မှ အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာတက်ရောက်လာကြသည့်လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် လုပ်ငန်းကော်မတီဝင်များက ဖြည့်စွက်ဆွေးနွေး တင်ပြကြသည်။

ဆက်လက်၍ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကျင်းပရေး၊ အထောက်အကူပြု အဖွဲ့များဖြစ်ကြသည့် ဖိတ်ကြားရေးနှင့်ကြိုဆိုနေရာချထားရေးအဖွဲ့၊ အခမ်းအနားပြင်ဆင်ရေးအဖွဲ့၊ ပြန်ကြားရေးအဖွဲ့၊ ဧည့်ခံကျွေးမွေးရေးနှင့် သယ်ယူပို့ဆောင်ရေးအဖွဲ့၊ ရန်ပုံငွေနှင့်ဘဏ္ဍာရေးအဖွဲ့၊ ဓာတ်ပုံပြကွက် ခင်းကျင်းပြသရေးအဖွဲ့တို့မှ အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးအကြံပြု၍ ဆုံးဖြတ်အတည်ပြုကြကာ မြန်မာအမျိုးသမီးများနေ့ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေမိသားစုက ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီက လက်ခံရယူစဉ်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စေတနာရှင်အလှူရှင်များက လှူဒါန်းသော အလှူငွေနှင့်ပစ္စည်းများကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က လက်ခံရယူစဉ်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြုကြိုဆို အလှူငွေနှင့်ပစ္စည်းများပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၂၂

၂၀၀၄ခုနှစ် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စေတနာရှင်အလှူရှင်များက အလှူငွေနှင့်ပစ္စည်းများလှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သံလွင်လမ်း အမှတ်(၁၃၂)ရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အလှူငွေနှင့်ပစ္စည်းများ လက်ခံယူပြီး အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပါမောက္ခ ဒေါက်တာဒေါ်မေမေရီ၊ဒေါ်ခင်လေးသက်၊ဒေါ်သန်းသန်းနွဲ့နှင့် ဒေါ်ခင်ခင်ဝင်း၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်း၊ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ အလှူရှင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေမိသားစုက အလှူငွေကျပ် ၁၀၀၀၀၀ နှင့် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးဦးစောလှမင်းနှင့်ဇနီးဒေါ်ခင်ယုဆွေတို့က လှူဒါန်းငွေကျပ် ၁၀၀၀၀၀ တို့ကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ပေးအပ်လှူဒါန်းရာ အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ ဇနီးများ၏ လှူဒါန်းငွေကျပ် ၃၀၀၀၀၀ ကို အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ကိုယ်စားပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ဆက်လက်၍ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီက ငွေကျပ် ၂၀၀၀၀၀၀၊ ဦးထွန်းမြင့်-ဒေါ်အေးအေးညွန့်(ကြက်လျှာစွန်း ဒံပေါက်ဆိုင်)က ငွေကျပ် ၁၅၀၀၀၀၀၊ ဦးဇော်ဝင်း(အရဏ်ဦးဆောက်လုပ်ရေး)က ငွေကျပ်၁၀၀၀၀၀၀၊ ဦးတင့်ဆန်း(ACEဆောက်လုပ်ရေး) က ငွေကျပ် ၁၀၀၀၀၀၀၊ ဦးမောင်ဝိတ်နှင့်မိသားစုက ငွေကျပ် ၁၀၀၀၀၀၀၊ ဂန္ဓမာရုံးသုံးစက်လုပ်ငန်းကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့်ဇနီး မန်နေဂျင်းဒါရိုက်တာ ဒေါ်ကြူကြူတို့က ငွေကျပ် ၈၇၆၀၀၀ တန်ဖိုးရှိ အိုလံပီယာ မြန်မာလက်နှိပ်စက်တစ်လုံးနှင့် အင်္ဂလိပ်-မြန်မာ လက်နှိပ်စက်တစ်လုံး၊ ဦးစသန်းဦး(MSC ဆောက်လုပ်ရေး)က ငွေကျပ် ၅၀၀၀၀၀၊ ဦးမောင်မောင် (ရွှေကမ္ဘာဆောက်လုပ်ရေး)က ငွေကျပ် ၅၀၀၀၀၀၊ ဦးရန်ဝင်း (A1 ဆောက်လုပ်ရေး)က ငွေကျပ် ၅၀၀၀၀၀၊ ဦးနော်အောင် (Aung Chan Tha Construction & Service Co., Ltd.)ကငွေကျပ် ၅၀၀၀၀၀၊ ဦးရှိန်ဝင်း (တက်လမ်းဆောက်ရေး)က ငွေကျပ် ၅၀၀၀၀၀၊ ဦးသန်းလွင်+ ဒေါ်မြင့်မြင့် ဇော်မိသားစုက ငွေကျပ် ၃၀၀၀၀၀၊ ဦးစိန်သစ်(TOSTA Co.)ကငွေကျပ် ၃၀၀၀၀၀၊ အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်ဆယ်က ငွေကျပ် ၄၈၀၀၀၀ တန်ဖိုးရှိ ပုဆိုးအထည် ၆၀၀ တို့ကို အသီးသီး ပေးအပ် လှူဒါန်းကြရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက လက်ခံပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဦးစိုးမြင့်(F M I) က ငွေကျပ် ၃၀၀၀၀၀၊ ဒေါက်တာ ခင်ရွှေ(ဇေကမ္ဘာကုမ္ပဏီလီမိတက်)ဇနီး ဒေါ်စန်းစန်းကြွယ်၊ မြရိပ်ညိုရှိုင်ရယ် ဟိုတယ်)က ငွေကျပ် ၂၀၀၀၀၀၊ ဦးဉာဏ်သစ်လှိုင် (New Generation Construction) က ငွေကျပ် ၂၀၀၀၀၀၊ ဦးထွန်းဝင်း(TW ဆောက်လုပ်ရေး)က ငွေကျပ် ၂၀၀၀၀၀၊ ဦးမောင်မောင်ကြီး(မောင်မောင်ကြီး-ဆောက်လုပ်ရေး)က ငွေကျပ် ၂၀၀၀၀၀ တို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် အမှတ်(၂) စက်မှုဝန်ကြီးဌာန၊ (T Care)သွားနှင့်ခံတွင်းဆေးကုခန်း၊ မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်အသင်း အကြံပေးပုဂ္ဂိုလ် ဒေါ်ဝါဝါထွန်း၊ တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်တို့က ငွေကျပ် ၁၀၀၀၀၀ စီကိုလည်းကောင်း၊ အတွင်းရေးမှူး ဒေါ်လှဝတီက ငွေကျပ် ၅၀၀၀၀ နှင့် အဖွဲ့ဝင် ဒေါ်ခင်အေးမြင့်၊ ဒေါ်ဆိုင်းညွန့်၊ဒေါ်ခင်ယု၊ဒေါ်ဝေဝေ၊ ဒေါ်စန်းမြင့်၊ ဒေါ်နီနီဦး၊ ဒေါ်ခင်ချိုသက်၊ ဒေါ်နီနီနိုင်၊ ဒေါ်အေးအေးသောင်းတို့က လှူဒါန်းငွေ ၁၃၀၀၀၀၊ ဦးမင်းဒင် - သီရိသုဓမ္မသိင်္ဂီ ဝင်းဝင်းအေး(ခ)မကြီး၊ ဦးဇော်မင်းဦး-သီရိသုဓမ္မသိင်္ဂီဝင်းဝင်းဌေး(ခ) မငယ် (အောင်ရတနာပွဲရုံ)တို့က ငွေကျပ် ၁၀၀၀၀၀ စီတို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အလှူရှင်များအား ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့လှူဒါန်းပွဲတွင် အလှူရှင် ၃၈ ဦး၏ လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ၁၃၃၃၆၀၀၀ ဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ခုနှစ်၊ ပထမဝါဆိုလဆန်း ၇ ရက် (အဖိတ်နေ့)
၂၃-၆-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓမ္မ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၀	၆။	အဆိုပြိုင်ပွဲ
၈:၂၀	၇။	ကချင်ပြည်နယ် မိုးကောင်းတံတား
၈:၃၀	၈။	International News
၈:၄၅	၉။	Learning English the Easy and Happy Way for Children and Beginners

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၀၅	၂။	Euro 2004 ဘောလုံးပွဲ ထုတ်လွှင့်မှုအစီအစဉ် **(ဒိန်းမတ်နှင့်ဆွီဒင်)**
၁၇:၃၀	၃။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၇:၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၁၈:၀၀	၅။	အိမ်တွင်းမှုသိပွဲ တိုင်းရင်းသားရိုးရာအစားအစာ (ကယား)
၁၈:၀၅	၆။	ရှုဖွယ်စုံလင် အာဆီယံ အစီအစဉ်
၁၈:၁၅	၇။	Discovery
၁၈:၃၀	၈။	ညနေခင်းသတင်း
၁၉:၀၀	၉။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၀။	ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
၁၉:၁၅	၁၁။	တေးဂီတအစီအစဉ်
၁၉:၃၀	၁၂။	သစ်သီးဝလံပေါကြွယ်ဝေဆာ ဥယျာဉ်ခြံမှာ (ဒူးရင်း၊ ကြက်မောက်)
၁၉:၄၀	၁၃။	ကျေးလက်ဒေသတစ်ခွင် အလှဆင်
၂၀:၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **“အချစ်ဆိုသည်မှာ”** (အပိုင်း-၅၂)

နံနက်ပိုင်း

၁:၁၅	၁၇။	Euro 2004 ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် **(ဂျာမနီနှင့်ချက်)**

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန် အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

✳ ကျောဖုံးမှ

ဇွန် ၁၉ရက် နံနက် ၇ နာရီတွင် ပုံညာတောင် ဥမင်ဖောက်လုပ်ရေး လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ဝန်ကြီးကလုပ်ငန်းတိုးတက်မှုစဉ်ဆက်မပြတ်ရရှိစေရေး၊ ပုံညာတောင်ဥမင်ဖြတ်ရထားလမ်းပိုင်းကိုသတ်မှတ်ရက်အမီဖွင့်လှစ်နိုင်ရေး အတွက်သန္နိဋ္ဌာန်စိတ်ထားရှိပြီး ဝန်ထမ်းအားလုံးတက်ညီလက်ညီ ကြိုးစားရေးတို့ မှာကြား၍ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက်ဝန်ကြီးနှင့်အဖွဲ့သည် အရှေ့ဘက် ချဉ်းကပ်လမ်း၏ ကျောဘူတာမှ (၇/၇) အကွာအဝေးရှိ ဂန့်ဂေါ– ကလေးကားလမ်းခုံးကျော်တံတား တည်ဆောက်မှုနှင့် တံတားရက်မတပ်ဆင်မှုလုပ်ငန်း၊ (၈/၀) မိုင်အကွာအဝေးရှိ ချိန်းအမှတ် ၁၂၇၇၀ တောင်ကုန်းတွင် ယန္တရားကြီးများ အသုံးပြု၍ မြေသားညှိလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

နေ့လယ်ပိုင်းတွင် ဝန်ကြီးနှင့်အဖွဲ့သည် ပုံညာတောင်ဥမင်၏အရှေ့ဘက်မှအနောက်ဘက်သို့ဥမင်အတိုင်းဖြတ်သန်း ကြည့်ရှု၍ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ဂရုပြုဆောင်ရွက်ရန်၊ ဘေးနံရံနှင့်ကြမ်းခင်းပိုင်းလုပ်ငန်းတိုးတက်မှုအတွက်ကြိုးပမ်းဆောင်ရွက်ရန်တို့ မှာကြားသည်။

ဖြည့်ဆည်းပေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည်အနောက်ဘက်ချဉ်းကပ်လမ်းရှိ မျက်မြှောင်းဘူတာသို့ ရောက်ရှိရာ စီမံကိန်းတာဝန်ခံလက်ထောက်အထွေထွေမန်နေဂျာ(မြို့ပြ)ဦးမောင်မောင်သွင်ကအနောက်ဘက်ချဉ်းကပ်လမ်းဖောက်လုပ်နေမှုနှင့်ပတ်သက်၍ ရုပ်ပုံကားချပ်များဖြင့် အသေးစိတ်တင်ပြရာ ဒုတိယဝန်ကြီးဦးဖေသန်းက ဖြည့်စွက်တင်ပြပြီး ဝန်ကြီးက အချိန်မီပြီးစီးရေး၊ ဘူတာဝန်းကျင်သာယာလှပရေးတို့ မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ဇွန် ၂၀ ရက်နံနက်တွင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့်အဖွဲ့သည်ပုံညာတောင်ဥမင်ဖောက်လုပ်ရေးစီမံကိန်း မှပြန်လည်ထွက်ခွာရာ၊ နေ့လယ်ပိုင်းတွင် မုံရွာဘူတာသို့ ရောက်ရှိပြီး၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး တင်မောင်အုန်းနှင့် တွေ့ဆုံ၍ မုံရွာမြို့ မြို့ရှောင်လမ်းမသစ်ကြီးမှ မုံရွာဘူတာရုံအား ကွင်းရှောင် ဖောက်လုပ်မည့် အနေအထားကိုလည်းကောင်း၊ ဒုတိယတိုင်းမှူးလိုက်ပါ၍ မုံရွာမြို့ မြို့ရှောင်လမ်းမဖောက်လုပ်ရာတွင်တည်ဆောက်ရန်လိုအပ်သည့် တံတားနေရာကိုလည်းကောင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၉ မှ

မကွေးတိုင်းအနေဖြင့် စားသုံးဆီဖူလုံသည့်အပြင် ပိုလျှံမှုရှိကြောင်း တင်ပြချက်အရ သိရှိရကြောင်း၊ ပိုလျှံသည်ကို ရောင့်ရဲမနေဘဲ ပိုလျှံသည်ထက်ပိုလျှံအောင် ကြိုးစားလုပ်ဆောင်ကြရန်လိုကြောင်း၊ ထို့ပြင်မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းများအနေဖြင့် စားသုံးဆီများကို ပိုလျှံသည်ထက်ပိုလျှံအောင် တိုးချဲ့စိုက်ပျိုးသွားကြရန်နှင့် တစ်နိုင်ငံလုံး၏ စားသုံးဆီလိုအပ်ချက် နိုင်ငံခြားမှ နှစ်စဉ်မှာယူတင်သွင်းနေရမှု ကွက်လပ်ကို ဖြည့်တင်းပေးကြရမှာ ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံတော်က စားသုံးဆီအတွက် အသုံးပြုသော နိုင်ငံခြားသုံးငွေများ သက်သာလာမှာဖြစ်ပြီး ထိုစားသုံးဆီအတွက် ကုန်ကျငွေများကို အခြား နိုင်ငံတော်၏ အရေးကြီးသော တည်ဆောက်ရေးကဏ္ဍများမှာ အသုံးပြုနိုင်မှာ ဖြစ်ကြောင်း။

ဝိုင်းဝန်းကူညီ

မကွေးတိုင်းအတွင်း နိုင်ငံတော်၏ သဘာဝအရင်းအမြစ် တစ်ခုဖြစ်သည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ထွက်ရှိသည့် ရေနံမြေဒေသများရှိပြီး နိုင်ငံတော်၏ အားထားရသည့် စီးပွားရေးဒေသကြီးတစ်ခုဖြစ်ကြောင်း၊ အဆိုပါ ဒေသရှိ ရေနံတွင်းများ အထွက်တိုးရေး၊ ရေနံတွင်းသစ်များ တူးဖော်ရေးတို့ကို နိုင်ငံတော်က စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ တိုင်းအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဆင့်တို့မှ တာဝန်ရှိသူများအနေဖြင့် ရေနံတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများကို မိမိတို့အပိုင်းက ကူညီပံ့ပိုးဆောင်ရွက်နိုင်သည်များကို အင်တိုက်အားတိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန်လိုကြောင်း။

ထို့အပြင် မကွေးတိုင်းအတွင်း စက်မှုကဏ္ဍဖွံ့ဖြိုးရေး အခြေခံလုပ်ငန်းဖြစ်သည့် ရေနံချောင်းစက်မှုဇုန်နှင့် ပခုက္ကူစက်မှုဇုန်များရှိရာ အဆိုပါ စက်မှုဇုန်များမှနေပြီး စက်မှုလုပ်ငန်းများကို အသေးစားမှ အလတ်စားအဖြစ်သို့လည်းကောင်း၊ အလတ်စားမှ အကြီးစားစက်မှုလုပ်ငန်းသို့ လည်းကောင်း တဖြည်းဖြည်း တိုးတက်ဖြစ်ထွန်းလာအောင် ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သော်လည်း နောင်တစ်ချိန်တွင် စက်မှုနိုင်ငံအဖြစ် ကူးပြောင်းနိုင်ရေးအတွက် စက်မှုဇုန်လုပ်ငန်းများ တဖြည်းဖြည်းတိုးတက်သည်ထက် တိုးတက်လာအောင် ဒေသရှိအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက အားပေးပံ့ပိုး ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

တက်ညီလက်ညီပူးပေါင်း

နိုင်ငံတော်၏အနာဂတ်ခိုင်မာစေရေး၊ ပြည်ထောင်စုကြီး အဓွန့်ရှည်စွာ ထည်ထည်ဝါဝါရပ်တည်နိုင်ရေး၊ စစ်မှန်သောစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ် ကျင့်သုံးနိုင်ရေးတို့အတွက် မိမိနိုင်ငံ၏အခြေအနေများနှင့် လိုက်လျောညီထွေသည့် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီးလည်းဖြစ်ကြောင်း၊ ယင်းမူဝါဒလမ်းစဉ်နှင့်အညီ အောင်မြင်စွာ ကျင်းပလျက်ရှိသော အမျိုးသားညီလာခံသည် ပထမဆုံးအဆင့်ဖြစ်ပြီး အရေးကြီးဆုံးအဆင့်လည်း ဖြစ်ကြောင်း၊ အမျိုးသားညီလာခံ အပါအဝင် မူဝါဒလမ်းစဉ်(၇)ရပ်လုံးကို တစ်ဆင့်ပြီးတစ်ဆင့် အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်အောင် ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူအားလုံးက တက်ညီလက်ညီတက်တက်ကြွကြွ ပူးပေါင်းပါဝင် အကောင်အထည်ဖော်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကွေးလေဆိပ်သို့ ရောက်ရှိကြပြီး ဆက်လက်ထွက်ခွာလာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

(၂၃)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးလုပ်ငန်းအဖွဲ့အစည်းအဝေး၊
(၁၁)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖွဲ့အစည်းအဝေး၊
(၁၁)ကြိမ်မြောက် ခရီးသွားလုပ်ငန်း လူ့စွမ်းအားဖွံ့ဖြိုးမှုလုပ်ငန်းအဖွဲ့အစည်းအဝေး၊

မြန်မာနိုင်ငံ၊ တောင်ကြီးမြို့
၂၀၀၄၊ ဇွန်လ ၂၈ ရက်နေ့မှ ၂၉ ရက်နေ့ အထိ

❐ ကျောဖုံးမှ

ဝန်ကြီးဌာနမှ ဦးကိုကိုကျော်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနမှ ဦးမြတ်ကိုနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးလှတင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီလုပ်ငန်းအဖွဲ့(၉)မှ ဒုတိယညွှန်ကြားရေးမှူး ဦးငွေဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံ ကိုယ်စားလှယ် ၁၀၉ဦး ရှိသည့်အနက် ၁၀၇ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ဒသမ ၁၇ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့်သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးကိုကိုကျော်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြမည့်နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုစာတမ်းကို ဖတ်ကြားတင်ပြရာ ကာကွယ်ရေး၊ လုံခြုံရေးနှင့် နိုင်ငံခြားရေးကဏ္ဍကို အားကစားဝန်ကြီးဌာနမှ ဦးသောင်းထိုက်က လည်းကောင်း၊ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှဦးသန်းညွန့်က လည်းကောင်း ဖတ်ကြားတင်ပြကြပြီး အစည်းအဝေးကို နံနက် ၁၀နာရီတွင် ခေတ္တရပ်နားသည်။

ယင်းနောက် နံနက် ၁၀နာရီ ၁၅မိနစ်တွင် အစည်းအဝေးကို ဆက်လက်ကျင်းပရာ စီးပွားရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ဦးရန်နိုင်က လည်းကောင်း၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တု၊ သစ်တောကဏ္ဍနှင့် စက်မှုကဏ္ဍကို သတ္တုတွင်းဝန်ကြီးဌာနမှ ဦးလှသိန်းက လည်းကောင်း ဖတ်ကြားတင်ပြကြသည်။

ထို့နောက် သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို နံနက် ၁၁နာရီ ၅၅မိနစ်တွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံကိုယ်စားလှယ်များအား နေကမွေးတဲ့လ ရုပ်ရှင်ဇာတ်ကားဖြင့်ပြသဖျော်ဖြေ

ရန်ကုန် ဇွန် ၂၂

အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ အပန်းဖြေနိုင်ရေးအတွက် နေ့စဉ် ည၇နာရီမှစတင်၍ ဖျော်ဖြေရေးအစီအစဉ်များကို ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေ တင်ဆင်လျက်ရှိသည်။

ယမန်နေ့ညပိုင်းတွင် ဒါရိုက်တာအကယ်ဒမီမောင်တင်ဦးရိုက်ကူးပြီး သရုပ်ဆောင်ကျော်ဟိန်း၊ မင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင်၊ တင့်တင့်ထွန်းတို့ ပါဝင်သရုပ်ဆောင်ထားသည့် ‘နေကမွေးတဲ့လ’ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေတင်ဆက်ရာ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအပန်းဖြေကြသည်။

(သတင်းစဉ်)

ရာနှုန်း ၈၀မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ချင်းတွင်းမြစ်ရေ ခန္တီးမြို့တွင်ခိုးရိမ်ရေမှတ်

ရန်ကုန် ဇွန် ၂၂

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲ တိုင်းထွာချက်များအရ ခန္တီးမြို့တွင် ၁၁၃၀ စင်တီမီတာသို့ ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် ၁၃၆၀ စင်တီမီတာသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း သင်တန်းများဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂၂

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း၌ e- Government Workshop Training Course for Senior Officials (0238/01/04-05)(အချိန်ပိုင်း)၊ PC for Office˚ Applications Course (WINDOWS) (0223/01/ 04-05)၊ Introduction to Internet Course (0231/02/04-065) နှင့် Line Construction Theory Course (0434/01/04-05) တို့၏ သင်တန်းများ ဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါ သင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ e- National Taskforceမှအဖွဲ့ဝင်များ၊ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ ဆရာ ဆရာမများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

သင်တန်းဖွင့်ပွဲတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်က အမှာစကား ပြောကြားသည်။

တက်ရောက်

e- Government Workshop Training Course for Senior Officials (0236/01/04-05) (အချိန်ပိုင်း)မှာ ရက်သတ္တတစ်ပတ်ကြာ အချိန်ပိုင်းသင်တန်းဖြစ်ပြီး ဝန်ကြီးဌာန ၂၇ ခုမှ အဆင့်မြင့်အရာရှိသင်တန်းသား ၂၉ ဦးတို့ တက်ရောက်ကြပြီး ကျန်သင်တန်းများမှာ ပုံမှန်သင်တန်းများဖြစ်၍ သင်တန်းသားသင်တန်းသူ ၄၀တို့ တက်ရောက်ကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ–ထိုင်း အိုလံပစ်နေ့ ချစ်ကြည်ရေးအထိမ်းအမှတ် အပြေးပြိုင်ပွဲနှင့် လမ်းလျှောက်ပြိုင်ပွဲများကျင်းပ

ရန်ကုန် ဇွန် ၂၂

၂၀၀၄ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် ထိုင်းနိုင်ငံအိုလံပစ်ကော်မတီတို့ ပူးပေါင်းကျင်းပသည့် ၁၁ဒသမ ၅ကီလို(၆မိုင်) အပြေးပြိုင်ပွဲနှင့်လမ်းလျှောက်ပြိုင်ပွဲ များကို ချစ်ကြည်ရေးအထိမ်းအမှတ် အဖြစ် ဇွန် ၂၀ရက် နံနက် ၆နာရီတွင် နှစ်နိုင်ငံနယ်စပ်မြို့များဖြစ်သည့် တာချီလိတ်မြို့နှင့် မယ်ဆိုင်မြို့များ၌ စည်ကား သိုက်မြိုက်စွာ ကျင်းပကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က နှစ်နိုင်ငံချစ်ကြည်ရေးအတွက် အပြေးပြိုင်ပွဲနှင့်လမ်းလျှောက်ပြိုင်ပွဲ ပူးပေါင်းကျင်းပရခြင်းအကြောင်းကို အမှာစကားပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယုထဆမ် ဆရီရဖားက အမှာစကားပြောကြားပြီး နှစ်နိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ဗိုလ်ချုပ်ကြီးယုထဆမ် ဆရီရဖားတို့က အာရှအိုလံပစ်ကောင်စီအလံနှင့် နှစ်နိုင်ငံ အိုလံပစ်ကော်မတီအလံများကို အမှတ်(၁) ချစ်ကြည်ရေး တံတားအလယ်တွင် အပြန်အလှန်လဲလှယ်ကြသည်။

ဆက်လက်၍ ထိုင်းနိုင်ငံ မယ်ဆိုင်ရဲစခန်းရှေ့အထွက်မှတ်ဦး၌ အိုလံပစ်နေ့အထိမ်းအမှတ်ချစ်ကြည်ရေးအပြေးပြိုင်ပွဲနှင့် လမ်းလျှောက်ပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲကြမည့် နှစ်နိုင်ငံမှ ပြည်သူလူထု ၈၀၀၀ ကျော်တို့အား မောင်းထု၍ တာလွှတ်ပေးလိုက်ရာ နှစ်နိုင်ငံ ချစ်ကြည်ရေး တံတားအမှတ်(၁)ကို ကျော်ဖြတ်၍မြန်မာနိုင်ငံတာချီလိတ်မြို့တွင်းသို့ဝင်ရောက်ပြီး ဗိုလ်ချုပ်လမ်း၊ အမှတ်(၂)ချစ်ကြည်ရေးတံတားချဉ်းကပ်လမ်း၊ မယ်ဆိုင်လမ်းကွေ့တို့ကို ဖြတ်သန်းကြပြီး မယ်ဆိုင်မြို့တွင်းသို့ ပြန်လည်ဝင်ရောက်ကာ မြို့ပိုင်ရုံးရှေ့ရှိမှတ်ဦး၌ ပန်းဝင်ကြသည်။

နှစ်နိုင်ငံ ချစ်ကြည်ရေးအပြေးပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အောင်သီဟက ၃၄ မိနစ် ၄၃ စက္ကန့်ဖြင့် ပထမရရှိပြီး အမျိုးသမီးပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ပပက ၄၀ မိနစ် ၁၀ စက္ကန့်ဖြင့် ပထမရရှိသည်။ **(သတင်းစဉ်)**

မြန်မာ–ထိုင်း ချစ်ကြည်ရေးအဖြစ် ၂၀၀၄ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ပူးပေါင်းကျင်းပသော အပြေးပြိုင်ပွဲနှင့် လမ်းလျှောက်ပြိုင်ပွဲကို ဇွန် ၂၀ ရက် နံနက်ကကျင်းပရာ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှ စတင်တာထွက်လာကြစဉ်။ (သတင်းစဉ်)

အိုလံပစ်နေ့အထိမ်းအမှတ် ဝူရှူးပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၂

မြန်မာနိုင်ငံဝူရှူးအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၄ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ဝူရှူးအားကစားပြိုင်ပွဲကို စမ်းချောင်းမြို့နယ် ပဒုမ္မာ အားကစားကွင်းရှိ မြန်မာနိုင်ငံဝူရှူး အားကစားအဖွဲ့ချုပ်၌ ဇွန်၂၆ရက် နံနက်၈နာရီမှစတင်၍ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပဏာမလက်ရွေးစင်များမပါဝင်ဘဲ နွေရာသီဝူရှူးအားကစားသင်တန်းမှ အားကစားသမားများကို အခြေခံကာ အသက်၁၂နှစ် အထက်နှင့် အသက် ၁၂နှစ်အောက် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

နာမည်ကြီးအင်္ဂလန်နှင့် အိမ်ရှင်ပေါ်တူဂီတို့ဆုံကြဖို့ ဂရိနှင့်ဆုံ၍ လက်ရှိချန်ပီယံ ပြင်သစ်ဆီမီးတက်ခွင့်သာ

ရန်ကုန် ဇွန် ၂၂

ဥရောပဖလားဘောလုံးပြိုင်ပွဲ (Euro 2004)ကို ပေါ်တူဂီနိုင်ငံ၌ ဆက်လက်ကျင်းပလျက်ရှိရာ အုပ်စုပွဲစဉ်များ မပြီးပြတ်သေးဘဲ ဆက်လက်ယှဉ်ပြိုင်ကစားလျက်ရှိကြသည်။ အုပ်စု(ခ) နောက်ဆုံးပွဲစဉ်များကို ဇွန် ၂၁ ရက် မြန်မာစံတော်ချိန် နံနက်၁နာရီ၁၅မိနစ်တွင် ယှဉ်ပြိုင်ကစားခဲ့ကြရာ အင်္ဂလန်အသင်းက ခရိုအေးရှားအသင်းကို လေးဂိုး–နှစ်ဂိုးဖြင့်လည်းကောင်း၊ ပြင်သစ်အသင်းက ဆွစ်ဇာလန်အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

အင်္ဂလန်နိုင်

ခရိုအေးရှားအသင်းအတွက် ဦးဆောင်ဂိုးကိုပွဲစပြီး ခြောက်မိနစ်အကြာတွင် အလွတ်တည်ကန်ဘောမှတစ်ဆင့် အင်္ဂလန်အသင်းဂိုးရှေ့သို့ ကန်ပို့လိုက်သည့်ဘောလုံးကို ဂိုးသမားဒေးဗစ်ဂျိမ်း ပုတ်ထုတ်ရာ နောက်တန်းလူအက်ရှလေကိုးလ် မဖျက်ထုတ်နိုင်ဘဲဖြစ်နေစဉ် ခရိုအေးရှားအလယ်တန်းလူ နီကိုကိုဗက်က ကန်သွင်းယူသည်။ အင်္ဂလန်အသင်းအတွက်ပထမဂိုးကို ပွဲချိန် မိနစ် ၄၀တွင် ဝိန်းရူနီ ခေါင်းတိုက်ချပေးသည့်ဘောလုံးကို အလယ်တန်းလူ ပေါလ်စခိုးက ခေါင်းတိုက်သွင်းယူခဲ့သည်။

အင်္ဂလန်အသင်းအတွက် ဒုတိယဂိုးကို ပွဲချိန်၄၅ မိနစ်တွင် တိုက်စစ်မှူး ဝိန်းရူနီက ပယ်နယ်တီဧရိယာအပြင်မှ ကန်ချက်ပြင်းပြင်းဖြင့် ကန်သွင်းယူခဲ့သည်။ အင်္ဂလန်အသင်းအတွက် တတိယဂိုးကို ပွဲချိန်၆၈မိနစ်တွင် တန်ပြန်တိုက်စစ်မှတစ်ဆင့် မိုက်ကယ်အိုဝင် အနေတော်ချပေးသည့်ဘောလုံးကို တိုက်စစ်မှူး ဝိန်းရူနီကပင် ကန်သွင်းယူသည်။

ခရိုအေးရှားအသင်းအတွက် ဒုတိယဂိုးကို ပွဲချိန်၇၄ မိနစ်တွင် အင်္ဂလန်ဂိုးရှေ့၌ ဘောလုံးမြောက်နေစဉ် နောက်တန်းလူများ မရှင်းထုတ်နိုင်၍ ခရိုအေးရှားနောက်တန်းလူ အီဂေါတူဒေါက ခေါင်းတိုက်သွင်းယူသည်။ အင်္ဂလန်အတွက် စတုတ္ထဂိုးကို ပွဲချိန်၇၉မိနစ်တွင် အလယ်တန်းလူ ဖရန့်လမ်းပတ်က သွင်းယူနိုင်သဖြင့် ပွဲအပြီးတွင် လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ အင်္ဂလန်အသင်းသည် သုံးပွဲကစား၊ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး (၆)မှတ်ဖြင့် အုပ်စုဒုတိယ ရရှိသွားရာ ဇွန်၂၅ရက် မြန်မာစံတော်ချိန် နံနက် ၁နာရီ ၁၅မိနစ်တွင် ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် အိမ်ရှင်ပေါ်တူဂီ အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပြင်သစ်ဂိုးပြတ်နိုင်

ပြင်သစ်အသင်းအတွက် ပထမဂိုးကို ပွဲချိန်မိနစ်၂၀ တွင် ရောဘတ်ပီရက်စ်ကန်ပို့ပေးသည့် ထောင့်ကန်ဘောမှတစ်ဆင့် ဇီဒန်းက ခေါင်းတိုက်သွင်းယူခဲ့သည်။

ဆွစ်ဇာလန်အသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲချိန် ၂၆မိနစ်တွင် အလယ်တန်းလူ ဗိုဂျယ်က ပြင်သစ်နောက်တန်းလူ သူရမ်နှင့် ဆီဗက်စတာကြားသို့ ထိုးပေးလိုက်သည့်ဘောလုံးကို လူငယ်တိုက်စစ်မှူး ဘိုလန်သမ်က သွင်းယူခဲ့သည်။

ပြင်သစ်အတွက် ဒုတိယဂိုးကို ပွဲချိန်၇၆မိနစ်တွင် ထရက်ဇီဂေးအစား လူစားဝင်လာသော ဆာဟာ ခေါင်းတိုက်ချပေးသည့်ဘောလုံးကို အွန်နရီက ကန်သွင်းယူသည်။ တတိယဂိုးကို ပွဲချိန်၈၄မိနစ်တွင် ၁၈ကိုက်စည်းထိပ်မှ အွန်နရီက ကန်သွင်းယူသည်။ ပြင်သစ်အသင်းသည် သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲသရေ (၇)မှတ်ဖြင့် အုပ်စုပထမရရှိသွားရာ ဇွန် ၂၆ရက် မြန်မာစံတော်ချိန် နံနက် ၁နာရီ ၁၅မိနစ်တွင် ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဂရိအသင်းနှင့် ကစားရမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

● *ကျောဖုံးမှ*

အုပ်စု(က)၊အုပ်စု(ခ)နှင့် အုပ်စု(ဂ)မှ ပွဲစဉ်များပြီးဆုံးသွားပြီဖြစ်ရာ အုပ်စု (ဃ) ပွဲစဉ်များသာ ယှဉ်ပြိုင်ကစားရန် ကျန်ရှိနေသည်။

အုပ်စု(ဃ)

အုပ်စု(ဃ)မှအသင်းများ၏ အုပ်စုနောက်ဆုံးပွဲစဉ်များကို ဆက်လက်ကျင်းပမည်ဖြစ်ရာ ဇွန် ၂၄ရက် မြန်မာစံတော်ချိန် နံနက် ၁နာရီ ၁၅မိနစ်တွင် ဟော်လန်အသင်းနှင့် လတ်ဗီးယားအသင်း၊ချက်အသင်းနှင့်ဂျာမနီအသင်းတို့ တစ်ချိန်တည်း တစ်ပြိုင်တည်း ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

အုပ်စု(ဃ)တွင် ချက်က နှစ်ပွဲကစား၊ နှစ်ပွဲနိုင် (၆)မှတ်၊ ဂျာမနီက နှစ်ပွဲကစား၊ နှစ်ပွဲသရေ (၂)မှတ်၊ ဟော်လန်က နှစ်ပွဲကစား၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး(၁)မှတ်၊ လတ်ဗီးယားအသင်းက နှစ်ပွဲကစား၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး (၁)မှတ် ရရှိထားကြသည်။

အင်္ဂလန်နှင့်ခရိုအေးရှားပွဲတွင် အင်္ဂလန်အတွက် နှစ်ဂိုးသွင်းယူပေးသူ တိုက်စစ်မှူး ဝိန်းရူနီအား အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ခမ်းက ဤသို့ပွေ့ဖက်ဂုဏ်ပြုခဲ့သည်။ (ဓာတ်ပုံ–အင်တာနက်)

ဟော်လန်နှင့်လတ်ဗီးယား

လီမွှော်ရောင် ဝတ်စုံပိုင်ရှင်ဟော်လန်နှင့် မျက်နှာသစ်လတ်ဗီးယားတို့၏ပွဲစဉ်သည် နှစ်သင်းစလုံးအုပ်စုတက်ရန် မျှော်လင့်ချက်ရှိနေသော အနေအထားဖြစ်၍ ကြည့်ကောင်းမည့်ပွဲတစ်ပွဲဖြစ်လာနိုင်သည်။ သို့သော် အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်သည့် အကြိတ်အနယ်ပွဲကြီးပွဲကောင်းဖြစ်မလာနိုင်ဘဲ ဟော်လန်က ဂိုးသွင်းလေ့ကျင့်သည့်သဘောဖြင့် တစ်ဖက်သတ်ဖိကစားနေသည်ကိုသာ ကြည့်ရဖို့များသည်။

ဟော်လန်အသင်း

ဟော်လန်အသင်းသည် ပွဲဦးထွက်၌ ဂျာမနီနှင့်သရေကျခဲ့ရာ အဖိုးတန်တစ်မှတ်ရခဲ့ခြင်းပင်ဖြစ်သည်။ အဆိုပါပွဲတွင် ဂျာမနီခြေကောင်းသည်ဖြစ်ရာ ဟော်လန်တို့ အတော်လေး ကစားယူခဲ့ရသည်။ ပယ်နယ်တီဧရိယာအတွင်း ကြဲသလို ဂိုးသွင်းယူတတ်သော နစ္စတယ်ရွိုင်း(မန်ယူ)၏ လှပသော ဂိုးတစ်ဂိုးကြောင့်သာ လီမွှော်ရောင်တို့ ခေါင်းငိုက်စိုက်မကျခဲ့ရခြင်းဖြစ်သည်။

လတ်ဗီးယားအသင်း

ဥရောပဖလားဘောလုံးပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ခြေစစ်ပွဲအောင်မြင်ပြီး ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိခဲ့သော မျက်နှာသစ် လတ်ဗီးယားအသင်းကို အသင်းငယ်လေးဆိုပြီး လျှော့တွက်ထားခဲ့ကြရာ နာမည်ကြီး ဂျာမနီကို ဂိုးမရှိသရေကစားပြလိုက်သောအခါမှ အားလုံး ခေါင်းထောင်ကြည့်ခဲ့ကြရသည်။လတ်ဗီးယားအသင်းကို အိမ်ဖြည့်အဆင့်ဟု တွက်ခဲ့ကြသော်လည်း ယခုအခါအိတ်ထဲတွင် တစ်မှတ်ရှိထား၍ ဟော်လန်ကို နိုင်ခဲ့လျှင် အုပ်စုတက်မည့်အနေအထားမျိုးဖြစ်နေသည်။

ဟော်လန်နိုင်မည်

လတ်ဗီးယားအသင်းကို လျှော့တွက်၍ မရနိုင်ကြောင်း ကစားပြီး နှစ်ပွဲကသက်သေပြခဲ့သည်မှာ မှန်သော်လည်း ဟော်လန်အသင်းကို မယှဉ်နိုင်သည်ကတော့ သေချာနေသည်။ ဂျာမနီကို ဂိုးမရှိသရေကျသောပွဲတွင် ဒုတိယပိုင်းတစ်ချိန်လုံး ကွင်းတစ်ဝက်အဖိခံထားရပြီး ဘယ်အချိန်ဂိုးသွင်းခံရမလဲဟု ရင်တမမဖြစ်ခဲ့ရသည်။ ဂျာမနီအသင်းတွင် ဂိုးသွင်းစွမ်းရည်ရှိသော ကမ္ဘာ့အဆင့်မီ တိုက်စစ်မှူးများမပါဝင်၍ ဂိုးမရခြင်းဖြစ်သည်။

လတ်ဗီးယားအနေဖြင့် ဂျာမနီအသင်းကို ခံစစ်ဖြင့် ပိတ်ဆို့ကစားပြီး သရေကျခဲ့သော်လည်း ဟော်လန်တို့ကို ထိုပုံစံအတိုင်းသွားကစားပါက ခံစားသွားရပေလိမ့်မည်။ လီမွှော်ရောင်တိုက်စစ်မှူးများက ဂိုးရအောင် လုပ်ပုံလုပ်နည်းကို ကျွမ်းကျင်သလို အဆုံးသတ်လည်း ပိုင်နိုင်ကြသည်။ ပွဲတိုင်းဂိုးသွင်းနေသော တိုက်စစ်မှူး နစ္စတယ်ရွိုင်းက လတ်ဗီးယားကို ဂိုးသွင်းပြီး ဂျာမနီတို့ကို ဂိုးဆိုတာ ဒီလိုသွင်းယူမှုရကြောင်း ပညာပေးမည်ကတော့ သေချာသည်။ လီမွှော်ရောင် ဟော်လန်တို့အနေဖြင့် ဂိုးပြတ်သွင်းကာ လတ်ဗီးယားကို အနိုင်ယူပြလိမ့်မည်ဟု စာရေးသူတွက်ဆနေမိသည်။

ချက်နှင့်ဂျာမနီ

ချက်နှင့်ဂျာမနီပွဲကို ပွဲကြိုခန့်မှန်းချက်ထုတ်ရသည်မှာ အီလည်လည်ကြီးဖြစ်နေသည်။ ယူရို ၂၀၀၄ တွင် ဖြစ်ပျက်နေသော ဖြစ်စဉ်များသည် ကမ္ဘာကျော်ဇာတ်ညွှန်းရေးဆရာများလက်ဖျားခါသွားရလောက်အောင်ပင် ပရိသတ်ထင်မထားသည့် သည်းထိတ်ရင်ဖို ပြကွက်ဆန်းများ ဖြစ်နေသည်။

ချက်ကတော့ ရှင်းသည်။ နှစ်ပွဲနိုင် (၆)မှတ်ဖြင့် ပထမတန်းလက်မှတ်တစ်စောင်ဝယ်ကာ အိပ်ရေးဝဝအိပ်ပြီး အနားယူနေနိုင်သည်။ ဂျာမနီက ဒုတိယတန်းလက်မှတ်ရဖို့ ရင်တထိတ်ထိတ်ဖြင့် ချက်ထံမှ တုံ့ပြန်လာမှုကို စောင့်စားနေရသည်။ ဂျာမနီ၏ အဖြစ်က ကျားသနားမှ နွားချမ်းသာရမည့် ကိန်းဆိုက်နေသည်။

လက်တွဲခေါ်မလား

ချက်၏ခြေစွမ်းအရ ဂျာမနီကို အနိုင်ကစားရန် မခက်ပေ။ ဂျာမနီသည် အသင်းလိုက်စုစည်း ညီညွတ်ပြီး စိတ်ဓာတ်မာကျောသည်ကလွဲ၍ ဘောလုံးပညာပိုင်း၌ ဖန်တီးမှုမပါ၊ လေ့ကြီးထိုး ရိုးရိုးသမားများဖြစ်နေသည်။ ဂျာမနီကစားဟန်(Football made in Germany)မှာ ခေတ်ကုန်သွားပြီဖြစ်ကြောင်း လတ်ဗီးယားက သင်ခန်းစာပေးလိုက်သည်။

ချက်အနေဖြင့် ကွာတားဖိုင်နယ်တက်ရန် သေချာနေပြီဖြစ်ရာ လူအနာခံမည်မဟုတ်ပေ။ အမာခံကစားသမားများကို အနားပေးကာ အရန်များဖြင့် ပွဲထွက်လာနိုင်သည်။အသင်းခေါင်းဆောင် နက်ဗက် ပါလာနိုင်သော်လည်း နောက်တန်းနှင့် အလယ်တန်းတွင် မကစားရသေးသူများကို ထည့်စမ်းနိုင်သည်။ ချက်အသင်းခြေကုန်ထုတ် မကစားလျှင် ဂျာမနီအတွက် အသက်ရှူချောင်သွားပြီး (၃)မှတ်ရသွားနိုင်သည်။ တစ်ချက်စဉ်းစားစရာရှိသည်မှာ သမိုင်းကြောင်းအရ ချက်က ဂျာမနီကို ရှုံးကြွေးတင်နေသည်။ ၁၉၉၆ ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ဂျာမနီက ချက်ကို ရွှေဂိုးဖြင့် အနိုင်ယူခဲ့သည့် ရှုံးကြွေးကို ချက်က ပြန်ဆပ်လိုစိတ် ရှိနေနိုင်သည်။

ဂျာမနီအလေးသာ

ဂျာမနီ၏ခြေစွမ်းကို မကြိုက်လှသော်လည်း ချက်အသင်းက သာမန်မျှ ကစားနိုင်သည့်အချက်ကို ထည့်တွက်ဆကြည့်မိသည်။ ဂျာမနီတို့၏ စိတ်ဓာတ်မာကျောမှုကလည်း အနိုင်ရရှိရေးအတွက် အချက်တစ်ရပ် ဖြစ်လာနိုင်သည်။ ချက်အသင်းအနေဖြင့် အတိတ်ကသမိုင်းကြောင်းအရ ရှုံးကြွေးတင်ခဲ့သည်ပဲဆိုဆို၊ လက်တွေ့ကျကျ စဉ်းစားမည်ဆိုလျှင် မလိုအပ်ဘဲ ထိခိုက်ဒဏ်ရာရမှုနှင့် အဝါ၊ အနီပြစ်ဒဏ်ထိမှုမျိုး အဖြစ်ခံမည် မဟုတ်ပေ။ကွာတားဖိုင်နယ်အတွက်ဦးစားပေး စဉ်းစားပေလိမ့်မည်။ ချက်မှ နက်ဗက်က ဂျာမနီမှ ဘောလက်ကို လက်တွဲခေါ်မလား စဉ်းစားစရာဖြစ်သည်။

အခြေအနေအရပ်ရပ်ကို တွက်ဆ၍ သုံးသပ်မည်ဆိုလျှင် ဂျာမနီက ချက်ကို နိုင်ပြီး ဂျာမနီက ဂျာမနီပါပဲဟု လုပ်ပြသွားလိမ့်မည်ဟု တွေးဆဆင်ခြင်ကြည့်နေမိပေသည်။ ။

(မြန်မာ့အလင်း)

အိုလံပစ်နေ့ကြက်တောင်ရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၂

မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၄ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ကြက်တောင်ရိုက်ပြိုင်ပွဲ လူသစ်တန်း အလွတ်တန်းနှစ်ယောက်တွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီက ဝိုင်အမ်စီအေခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲတွင် ဆုရရှိသူများကို မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ၊ အမှုဆောင် ဦးမြသောင်း(Jewel Hotel)တို့က ဆုများအသီးသီးချီးမြှင့်ကြပြီး ဥက္ကဋ္ဌဦးမောင်မောင်ဆွေနှင့် တာဝန်ရှိသူများ၊ ဆုရအားကစားသမားများ စုပေါင်းဓာတ်ပုံရိုက်ကြသည်။ **(ယာပုံ)** **(မြန်မာ့အလင်း)**

ပြည်နယ်နှင့်တိုင်း ဘော်လီဘောပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၂

မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ဒသမအကြိမ်မြောက် အသက် ၁၉နှစ်နှင့်အောက် ပြည်နယ်နှင့်တိုင်း ဘော်လီဘောပြိုင်ပွဲများကို ယနေ့နံနက် ၈နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံတွင် စတင်ကျင်းပရာ အမျိုးသား ကိုးသင်းနှင့် အမျိုးသမီး ၁၀သင်း စုစုပေါင်း ၁၉သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

အမျိုးသား

အမျိုးသားအသင်းကို အုပ်စုလေးစုခွဲ ယှဉ်ပြိုင်စေရာ (က)အုပ်စုတွင် ရှမ်းတောင်၊ ဧရာဝတီတိုင်းနှင့် မကွေးတိုင်း၊ (ခ)အုပ်စုတွင် စစ်ကိုင်းတိုင်းနှင့် ကရင်ပြည်နယ်၊ (ဂ)အုပ်စုတွင် ရန်ကုန်တိုင်းနှင့် ရခိုင်ပြည်နယ်၊ (ဃ)အုပ်စုတွင် မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့ ပါဝင်သည်။

အမျိုးသမီး

အမျိုးသမီးအသင်းတွင် အုပ်စုလေးစုခွဲ ယှဉ်ပြိုင်စေရာ (က)အုပ်စုတွင် ကယားပြည်နယ်၊ မကွေးတိုင်းနှင့် ဧရာဝတီတိုင်း၊ (ခ)အုပ်စုတွင် စစ်ကိုင်းတိုင်းနှင့် ရှမ်း(အရှေ့)၊ (ဂ)အုပ်စုတွင် မန္တလေးတိုင်း၊ ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်း၊ (ဃ)အုပ်စုတွင် ရန်ကုန်တိုင်းနှင့် မွန်ပြည်နယ်တို့ ပါဝင်ကြသည်။

ပြိုင်ပွဲများကို နေ့စဉ် နံနက် ၈နာရီမှ စတင်ပြီး ဇွန် ၃၀ရက် အထိ ကျင်းပမည်ဖြစ်သည်။ ဇွန်၂၃ရက် (ယနေ့) ပွဲစဉ်များကို ညနေ ၃နာရီတွင် စတင်ကျင်းပမည်ဖြစ်သည်။

ယနေ့ပွဲ

အမျိုးသား(ဂ)အုပ်စု ရန်ကုန်တိုင်းနှင့် ရခိုင်ပြည်နယ်။

(မြန်မာ့အလင်း)

ဆန်လှူအသင်း နှစ်ပတ်လည်ကျင်းပမည်

ရန်ကုန် ဇွန် ၂၂

ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိသာသနနုဂ္ဂဟ ဆန်လှူအသင်းကြီး၏ (၇၈)ကြိမ်မြောက် သြဝါဒခံယူပွဲနှင့် နှစ်ပတ်လည် အစည်းအဝေး ကျင်းပမည်ဖြစ်ရာ (၁၃၆၆ ခုနှစ် ပထမဝါဆိုလဆန်း ၁၁ရက်)ဇွန် ၂၇ရက် (တနင်္ဂနွေနေ့)တွင် အသင်းတည်ရာဌာန အမှတ် ၈၉ အထက်ကြည့်မြင်တိုင်လမ်း ကြည့်မြင်တိုင်မြို့နယ်သို့ အသင်းသူအသင်းသားများ ကြွရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

ရိုက်ချက်

ဒသမအကြိမ် အသက် ၁၉နှစ်နှင့် အောက် ပြည်နယ်နှင့်တိုင်း အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲများကို အောင်ဆန်းအားကစား ပြိုင်ဝင်း မိုးလုံလေလုံခန်းမတွင် ကျင်းပရာ ဧရာဝတီတိုင်း၏ ရိုက်ချက်ကို မကွေးတိုင်း ပိတ်ဆို့ထားစဉ်။ (မြန်မာ့အလင်း)

MCC

လုပ်ငန်းခွင် အခွင့်အလမ်းအတွက် အကောင်းဆုံး သင်တန်းများ

◆ **Junior Management & Office Staff** ၁၃ပတ် - (၁၅၀၀၀ိ/-)

ကွန်ပျူတာအခြေခံ၊ အင်္ဂလိပ်စာ၊ စာရင်းကိုင်ပညာ၊ **Fax, Email** အသုံးပြုပုံတို့ကို အခြေခံမှစ၍ သင်ကြားပေးပြီး အလုပ်အကိုင်ရရှိစေရန် ကူညီဆောင်ရွက်ပေးပါသည်။

◆ **အခြေခံစာရင်းကိုင်သင်တန်း** ၁၃ပတ် - (၉၀၀၀ိ/-)

စာရင်းကိုင်ပညာကို အခြေခံမှစ၍စနစ်တကျ သင်ယူလိုသူတိုင်းအတွက် နိုင်ငံတကာအဆင့် သင်ရိုးညွှန်းတမ်းအတိုင်း ကွန်ပျူတာ **MS Excel** နှင့် တွဲဖက်သင်ကြားပေးပါသည်။

သိမ်ကြီးဈေး (စီ) ရုံ၊ ဘားလမ်းထိပ် ရွှေတိဂုံဘုရားလမ်း ဖုန်း ၃၀၅၂၀၄၊ ၆၅၂၂၃၆

MMBox
MYANMAR MEDIA BOX
RICH MEDIA IN ONE BOX

အထူးအစီအစဉ်

Euro 2004

အုပ်စုနောက်ဆုံး ဘောလုံးပွဲစဉ်များအားလုံးကို **MMBox** မှ နေ့စဉ် ၂ ပွဲစလုံး
တစ်ပြိုင်နက် တိုက်ရိုက် (Live)

ထုတ်လွှင့်ခြင်းမှ ကြိုက်နှစ်သက်ရာ ကြည့်ရှုနိုင်မည့် အစီအစဉ်များ

ရက်စွဲ	ပွဲစဉ်	အချိန်
၂၀-၆-၀၄	စပိန် - ပေါ်တူဂီ	၁၉း၄၅ (ဒေသစံတော်ချိန်)၊ နံနက် ၁း၁၅ (မြန်မာစံတော်ချိန်)
	ရုရှား - ဂရိ	၁၉း၄၅ (ဒေသစံတော်ချိန်)၊ နံနက် ၁း၁၅ (မြန်မာစံတော်ချိန်)
၂၁-၆-၀၄	ခရိုအေးရှား - အင်္ဂလန်	၁၉း၄၅ (ဒေသစံတော်ချိန်)၊ နံနက် ၁း၁၅ (မြန်မာစံတော်ချိန်)
	ဆွစ်ဇာလန် - ပြင်သစ်	၁၉း၄၅ (ဒေသစံတော်ချိန်)၊ နံနက် ၁း၁၅ (မြန်မာစံတော်ချိန်)
၂၂-၆-၀၄	အီတလီ - ဘူလ်ဂေးရီးယား	၁၉း၄၅ (ဒေသစံတော်ချိန်)၊ နံနက် ၁း၁၅ (မြန်မာစံတော်ချိန်)
	ဒိန်းမတ် - ဆွီဒင်	၁၉း၄၅ (ဒေသစံတော်ချိန်)၊ နံနက် ၁း၁၅ (မြန်မာစံတော်ချိန်)
၂၃-၆-၀၄	ဟော်လန် - လတ်ဗီးယား	၁၉း၄၅ (ဒေသစံတော်ချိန်)၊ နံနက် ၁း၁၅ (မြန်မာစံတော်ချိန်)
	ဂျာမဏီ - ချက်	၁၉း၄၅ (ဒေသစံတော်ချိန်)၊ နံနက် ၁း၁၅ (မြန်မာစံတော်ချိန်)

EDULIGHT COMPUTER CENTRE
- Web Development Course
- Windows XP Professional Course (70-270)
- Server 2003 Network Infrastructure Course(70-291)

အရည်အချင်းပြည့်ဝသော Network Engineer လောင်းတစ်ယောက်ဖြစ်ရန် MCSE အောင်မြင်ပြီး ဆရာကိုယ်တိုင် သင်ကြားပေးသည်။
(119/121), 5th Fl., Latha St., (Upper) Latha Tsp., Yangon.
Tel: 372680

M A T® Quality & Success

Dr. Tin Latt
B.Com, CPA, ACCA; ACMA; MBA; DBA - UK
ဦးစီးသင်ကြားသော

MANAGEMENT & ACCOUNTANCY TRAINING LTD
(ACCA Registered College)
No. 165, Shwebontha Street, Pabedan Tsp, Yangon, Myanmar.

ACCA December 2004 Exam **CAT LCCI**
Innovative E-Learning System

Phone: 242431, 241713.

ACCA Part I & Part II မှ *All Subjects* နှင့်
CAT Advanced Level မှ Paper 9 စသည့်ဘာသာရပ်များကို LCD Projector အသုံးပြု၍ Multi-media E.Learning System ဖြင့် ပူးတွဲ သင်ကြားမည် ဖြစ်သည်။
LCCI Principles & Practice of Management, Business & Industrial Administration, Marketing

ACCA - Part I မှ Paper 1.1 နှင့် 1.2 ဘာသာရပ် များအတွက် Examination Type Question & Answers 250 ပါဝင်သည့် Updated Demonstration Software ကို MAT IT Lab တွင် လေ့ကျင့်နိုင်ရန် စီစဉ်ထားပါသည်။

Course Commencing Date :
LCCI June 19 2004
ACCA/CAT June 29, 2004.

Registration Closing Date for New Students
June 30, 2004.

ဦးကျော်ဝေယျ
ပြစ်မှုဆိုင်ရာဥပဒေ
(ရာဇသတ်ကြီး)
ထွက်ပြီ **အဘိဓါန်** ထွက်ပြီ

ပုဒ်မတစ်ခုချင်း၏အဓိပ္ပာယ်ဖွင့်ဆိုချက်၊ အကျုံးဝင်သည့်အင်္ဂါရပ်၊ ရှင်းလင်းချက်၊ ဥပမာများ၊ ခြွင်းချက်များ၊ စပ်ဟပ်ဥပဒေ၊ ကျင့်ထုံးဥပဒေ၊ စီရင်ထုံးများဖြင့် ပြည့်ပြည့်စုံစုံ ဖော်ပြထားသည်။

(စာအုပ်ဆိုင်ကြီးများတွင် မေးဝယ်ပါ)

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မင်္ဂလာလမ်း အမှတ် ၆၀နေ နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်း ဇနီး ဒေါ်မြင့်မြင့်သန်းတို့က နှစ်(၅၀) ပြည့် ရွှေရတုမင်္ဂလာ အထိမ်းအမှတ်အဖြစ် သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန် ငွေကျပ် တစ်သိန်းတစ်သောင်းကို အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်သို့ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

အနော်ရထာမင်းတရားကြီး၏နန်းတော်ပြန်လည်တည်ဆောက် တိုင်ဖုံးကျောက်ကြာဖူး သုံးလုံးပြီးစီးမှုယဉ်ကျေးမှုဝန်ကြီးကြည့်ရှု

ရန်ကုန် ဇွန် ၂၂

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၆ ရက်က မန္တလေးမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ဝန်ကြီးသည် မန္တလေးမြို့ရှိ ရှေးဟောင်းသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)သို့ သွားရောက်ပြီး ပုဂံမြို့ အနော်ရထာမင်းတရားကြီး၏ နန်းတော်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွင် ပါဝင်မည့် ကြငှန်းတိုင်ကြီးသုံးတိုင်အတွက်စကျင်ကျောက်ဖြင့် ထုလုပ်ထားသည့် တိုင်ဖုံးကျောက်ကြာဖူး သုံးလုံးပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံအမှာစကားပြောကြား

ထို့နောက်ဝန်ကြီးသည် ရှေးဟောင်းသုတေသန ဦးစီးဌာန (အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ်ရုံးမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မန္တလေးမြို့ရှိ အမျိုးသားဇာတ်ရုံကြီးသို့ သွားရောက်၍ အနုပညာဦးစီးဌာန အောက်ရှိ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

ယင်းနောက် ဝန်ကြီးသည် မြနန်းစံကျော်ရွှေနန်းတော်သို့ သွားရောက်၍ ဒိုင်းမွန်းပဲလေ့(စ်) ကုမ္ပဏီလီမိတက်က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသော မြနန်းစံကျော်ရွှေနန်းတော်ကြီး၏ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းဆောင်ရွက်မှုနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းတွင် အသုံးပြုမည့် အသစ်ဝယ်ယူထားရှိသော လုပ်ငန်းသုံးပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ဇွန် ၁၅ ရက် ညနေ၃နာရီ၁၅မိနစ်တွင် ပြိုကျသွားခဲ့သော မြောက်ဘက်မြို့ရိုး တံခါးပေါက်ဖြစ်သည့် မန်းဦးတံခါးပေါက်ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အမြန်ပြုပြင်ထိန်းသိမ်းရန် တာဝန်ရှိသူများအား မှာကြားသည်။

တကောင်းမြို့ရောက်ရှိ

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် တကောင်းမြို့သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာပြီး ဝါးရုံကုန်းရွာအနီး တည်ဆောက်နေသော ရာဇမုနိစေတီတော်ကြီးအား ကြည့်ရှုစစ်ဆေးသည်။ ညနေပိုင်းတွင် တကောင်းမြို့သို့ ရောက်ရှိသည်။

ဝန်ကြီးသည် ဇွန် ၁၇ရက် နံနက်ပိုင်းတွင် တကောင်းမြို့ ရှေးဟောင်း လေးမျက်နှာဘုရားကြီး တူးဖော်ပြီးစီးမှု၊ ဆင်းတုတော်များ ကြံ့ခိုင်မှုလုပ်ငန်းနှင့် အလယ်မဏ္ဍိုင် ကြံ့ခိုင်မှုလုပ်ငန်း၊ ရွှေစည်းခုံဘုရားကြီး မြောက်ဘက်တွင် ရှေးဟောင်းသုတေသနဦးစီးဌာန(အထက်မြန်မာပြည်) မန္တလေးဌာနခွဲမှ တူးဖော်တွေ့ရှိမှုအခြေအနေတို့ကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကိုမှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရှေးဟောင်းသုတေသန ဦးစီးဌာန(အထက်မြန်မာပြည်) မန္တလေးဌာနခွဲမှ တူးဖော်ထားသော ကုန်းအမှတ်(၂၉)နှင့် (၃၀)တို့၏ အခြေအနေ၊ ရှေးဟောင်းသုတေသနရုံးညှော်ရိပ်သာ၊ ရှေးဟောင်းသုတေသနပြတိုက်မြေနေရာ အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

အလှူငွေများလက်ခံ

ဝန်ကြီးသည် ညနေပိုင်းတွင် တကောင်းမြို့ရှေးဟောင်း လေးမျက်နှာ ဘုရားကြီးဘက်စုံပြန်လည်ပြုပြင် မွမ်းမံတည်ဆောက်ရေးအတွက် ဒေသခံအလှူရှင် ၇၂ဦးတို့၏ အလှူငွေပေါင်းကျပ်၁၃သိန်းကျော် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့တက်ရောက်၍ အလှူငွေများလက်ခံသည်။ ထို့နောက် ဝန်ကြီးက အေဒီ(၁၁)ရာစု အနော်ရထာ မင်းတရားကြီး၏ ကောင်းမှုတော်ဖြစ်သော ရှေးဟောင်းလေးမျက်နှာဘုရားကြီးကို စေတနာရှင်ပြည်သူများ၏ ထည့်ဝင်လှူဒါန်းမှု၊ ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် တကောင်း မြို့ဟောင်းတွင် ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်သွားမည့်အခြေအနေများကို အလှူရှင်များအား ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်မှုများ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၂

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ဇွန် ၁၉ရက်က နံနက်ပိုင်းက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က ဆောင်ရွက်လျက်ရှိသော မြို့နယ်များအတွင်း သန့်ရှင်းသာယာလှပစေရေးအတွက် ရေစီးရေလာကောင်းမွန်စေရေးနှင့် လမ်းအဆင့်မြင့်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မြို့တော်ဝန်သည် သာကေတမြို့နယ် ရှုခင်းသာမြို့ပတ်လမ်းနှင့် အတွင်း ရှုခင်းသာလမ်းထောင့်ရှိ အမှတ်(၆) မြစ်ထွက်ပေါက်နှင့် တာမွေမြို့နယ် အောင်မင်္ဂလာမြို့ပတ်ချောင်း ရေစီးရေလာကောင်းမွန်စေရေးတို့အတွက် အမှိုက်နှင့် နုန်းများ ဆယ်ယူရှင်းလင်းနေမှုကိုလည်းကောင်း၊ ရွှေပြည်သာမြို့နယ် ကွန်ပျူတာတက္ကသိုလ်မှ ဗိုလ်ချုပ်လမ်းဆုံအထိ အမှတ်(၄) လမ်းမကြီးအပိုင်းကို နိုင်လွန်ကတ္တရာထပ်ပိုး ခင်းကျင်းနေမှုနှင့် လမ်းဝဲယာ တစ်ဖက်တစ်ချက် ၉ပေစီ တိုးချဲ့နေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးရာ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) ဌာနမှူး ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ မြို့တော်ဝန်က လုပ်ငန်းများစနစ်တကျရှိစေရေးနှင့် မြန်ဆန်မှုရှိစေရန် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ရေး၊ အရည်အသွေး ပြည့်မီရန် လုပ်ဆောင်ရေးတို့ကို မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ရန်ကုန် ဇွန် ၂၂

ကြည့်မြင်တိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဇွန် ၃ရက် နံနက်ပိုင်းက မကျည်းတန်းမြောက်(အရှေ့) ရပ်ကွက်ရုံးတွင် 'သက်စမ်းရေ' ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ၊ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် ဓာတ်ပုံပြပွဲကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ချိုချိုလတ်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးစိန်ထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူးက နယ်လှည့်စာကြည့်တိုက် ဖွင့်ရခြင်း ရည်ရွယ်ချက်ကို ဟောပြောသည်။

လှူဒါန်း

ဆက်လက်၍ ဘိုးရိန်းစက်မှုလက်မှုက စာကြည့်တိုက်အတွက် အလှူငွေနှင့် သုတ၊ ရသမဂ္ဂဇင်း စာအုပ်များ ပေးအပ်လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

သတင်းတပ်ဖွဲ့ ထောက်ပံ့ကြေးပေးအပ်ပွဲ

ရန်ကုန် ဇွန် ၂၂

မြန်မာနိုင်ငံရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့၏ ၂၀၀၄–၂၀၀၅ခု ပညာသင်နှစ် အတွက် ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းဝတ်စုံ၊ ကျောင်းသုံးစာရေး ကိရိယာများ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၀ရက်က မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်း ဘုရားလမ်းရှိ အောင်သပြေ ရဲရိပ်သာ ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် သတင်းတပ်ဖွဲ့မှူး ရဲမှူးချုပ်သက်ထွဋ်၊ ဒုတိယတပ်ဖွဲ့မှူးနှင့်အောက်မြန်မာနိုင်ငံသတင်းတပ်ဖွဲ့ခွဲမှူးတို့က တပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်သား သမီးများအား ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းဝတ်စုံ၊ ကျောင်းသုံးစာရေးကိရိယာများပေးအပ်ကြသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

ဆိပ်ကြီးခနောင်တိုမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယမြို့တော်ဝန်စစ်ဆေး မြို့နယ်လုံးကျွတ် သစ်ပင်စိုက်ပျိုးပွဲတော် တက်ရောက်သစ်ပင်စိုက်ပျိုးပေး

ရန်ကုန် ဇွန် ၂၂

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် တာဝန်ရှိသူများလိုက်ပါ၍ ဇွန် ၁၉ရက်နံနက်ပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးပြီး မြို့နယ်လုံးကျွတ် သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်၍ သစ်ပင်စိုက်ပျိုးပေးသည်။

သစ်ပင်စိုက်ပျိုး

သစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ တက်ရောက်၍ ပန်းအိအပင် ၃၀၀ နှင့် စွယ်တော်လေး အပင် ၃၀၀ တို့ကို စုပေါင်းတပျော်တပါး သစ်ပင်စိုက်ပျိုးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် အင်ဂျင်နီယာ(ရေနှင့်သန့်ရှင်းမှု)ဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော ဆိပ်ကြီးခနောင်တို အနောက်ရပ်ကွက် အောင်မင်္ဂလာလမ်းတစ်ဖက်တွင် တည်ရှိသော အလျားပေ ၆၀၀၊ အနံ ပေ ၅၇၀၊ ကန်ပေါင်အမြင့်ခုနစ်ပေရှိ ရေဂါလန်သန်း ၂၀ ဆံ့ အောင်မင်္ဂလာသောက်သုံးရေကန်ကြီးပြီးစီးမှုနှင့် ရေသိုလှောင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

လက်ခံရယူ

ထို့နောက် အောင်မင်္ဂလာသောက်ရေကန်ကြီးအတွက် အလှူငွေကျပ် ၁၅သိန်းကို အလှူရှင်များကိုယ်စား အင်ဂျင်နီယာ (ရေနှင့်သန့်ရှင်းမှု)ဌာန ဌာနခွဲမှူး ဦးလှထွန်းက ပေးအပ်ရာ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးက လက်ခံရယူသည်။ **(သတင်းစဉ်)**

စမ်းချောင်းမြို့နယ် လင်းလွန်းတောင်ရပ်ကွက် ကြည့်မြင်တိုင် ဘူတာဝင်းနှင့် ရထားလမ်း ဝဲယာတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးလင်းနှင့် အဖွဲ့ဝင်များ၊ မြို့တော်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့၊ ရပ်ကွက်ဥက္ကဋ္ဌနှင့်အဖွဲ့၊ ဘူတာရုံပိုင်ကြီးနှင့်ဝန်ထမ်းများ ဇွန် ၁ ရက်က သစ်ပင်မျိုးစုံများ စိုက်ပျိုးကြစဉ်။ (က–ပ)

မေတ္တာဘွဲ့ ရာဇဝင်နှင့်ဟာသဗီဒီယိုဇာတ်ကားများဖြန့်ချိ

မောင်ဆွေထွန်း

ရန်ကုန် ဇွန် ၂၂

ယခုအပတ် ဇွန်၂၁ရက်မှစ၍ တစ်ပတ်အတွင်း ဖြန့်ချိရန် ဗီဒီယို အခြေခံအဖွဲ့၏ အစီအစဉ်ဖြင့် ဇာတ်ကား ၁၃ကားထွက်ရှိလာသည်။

ဒါရိုက်တာလပြည့်ဝန်း၏ **'ရွှေမမနှင့် ကြောင်လေးကောင်'** ငြိမ်းချမ်း၊ ဝိုင်းချစ်၊ ဖြိုးရတနာသွယ်။ စန္ဒာအောင်သိန်း၏ **'အတိတ်တစ္ဆေ'** နေမျိုးအောင်၊အောင်ပိုင်၊ လှအဥ္ဇလီတင့်။ စိန်ငွေးဗီဒီယိုမှညိုမင်းလွင်၏ **'ကမ္ဘာသုံး ရည်းစားစကား'** လွင်မိုး၊ ခိုင်သင်းကြည်။ လပ်ကီးပလေ့စ်ဗီဒီယိုမှ ဒါရိုက်တာကုသိုလ်၏ **'ကောင်းကင်တာရာ'** မင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင်၊ မေကဗျာ။

ဒါရိုက်တာထက်ပိုင်၏ **'ကျမျက်ရည် စိန်မခေါ်ဝံ့ဘူး'** ဂျွန်ဂို၊ မြသင်းချယ်၊ သူသူဟန်သာ။ဒါရိုက်တာနေပိုင်ရိုက်ကူးသည့် **'နှောင်ဖွဲ့တွယ်ငင်တတ်သော'** လူမင်း၊ အိန္ဒြာကျော်ဇင်၊ မျိုးစန္ဒီကျော်။ ဒါရိုက်တာဒေါနန၏ **'အသည်းနှလုံးရှိတဲ့ အရုပ်'** နေထက်လင်း၊ မျိုးစန္ဒီကျော်။

ဒါရိုက်တာ စန္ဒာအောင်သိန်း၏ **'မဏိ စန္ဒာချစ်သူ'** မင်းသစ္စာ၊ ဆုရှန်းလဲ့၊ ထွန်းထွန်းဝင်း၊ နိုင်လူ။

ဒါရိုက်တာ ရဲမင်းပိုင်၏ **'မုန်သော နေရာမှာ အမြဲရှိမယ်'** ရဲမင်းပိုင်၊ အောင်ပိုင်၊ သဇင်ညီညီ၊ ဝင်းဝင်းမော်။ ဒါရိုက်တာမဟာ၏ **'ဦးစံရှား၊ ဦးဒိန်းဒေါင်၊ ဦးကပ်စီး'** ကင်းကောင်၊ မန်းဝင်း၊ ဖိုးဖြူ၊ သင်းသင်းယုလှိုင်။ ဒါရိုက်တာလင်းထက်၏ **'အိမ်နီးကြီး'** ကျော်ဝင်းထွန်း၊ ပိုးအိမောင်။ဒါရိုက်တာ နီဝင်းထွန်း၏ **'ဘဝတစ်ခု အချစ်နှစ်ခု'** ကင်းကောင်၊ နိုနိုကို၊ ကျော်ထူး။ ဒါရိုက်တာ သိုင်းသမားကျော်မင်း၏ **'သိုင်းရာဇာနဲ့ ဓားအမွေ'**နိုင်အောင်၊ ဖူးပွင့်သူ၊ စိုးရွှေ၊ စံတင်တို့ ပါဝင်သရုပ်ဆောင်ကြသည်။

'သိုင်းရာဇာနဲ့ ဓားအမွေ' ဇာတ်ကားကို ရုပ်ရှင်အစည်းအရုံး ရန်ပုံငွေအတွက် ဖြန့်ချိခြင်းဖြစ်သည်။ ယခုအပတ်ဖြန့်ချိသော ဗီဒီယိုဇာတ်ကားများတွင် မေတ္တာဘွဲ့ ဇာတ်ကားအများဆုံး ပါဝင်သော်လည်း ရာဇဝင်နှင့် ဟာသဇာတ်ကားများ ပါဝင်သည်ကိုလည်းတွေ့ရသည်။ ။

(မြန်မာ့အလင်း)

'ကမ္ဘာသုံး ရည်းစားစကား' ဇာတ်ကားမှ လွင်မိုးနှင့် ခိုင်သင်းကြည်။

'ကောင်းကင်တာရာ'ဇာတ်ကားမှ မင်းမော်ကွန်းနှင့် မေကဗျာ။

မြိုင်စစ်သူ၏ အငြိမ့်ဟာသဇာတ်ကား 'မရယ်ရရင်မနေနိုင်ပေါင်'မှ နေခြည်ငြိမ်းချမ်းနှင့် ကြည်ဖြူမန်းဝင်းတို့၏ အက။

အငြိမ့်သမားများခေတ်စား လူရွှင်တော်များစွာဖြင့် ရိုက်ကူး

ယခုအခါ ဇာတ်ပွဲ၊ အငြိမ့်ပွဲများ ရုံသွင်းကပြမှု နည်းပါးသွားသည်နှင့် လျော်ညီစွာ ဇာတ်ပွဲနှင့် အငြိမ့်ပွဲခွင်များကိုအပြည့်အဝ ရိုက်ကူးပြသသည့် ဗီဒီယိုဇာတ်ကားများ ခေတ်စားလာသည်ကို တွေ့ရသည်။

လူရွှင်တော်အင်အားကောင်းကောင်းဖြင့် အငြိမ့်ပွဲခွင်များကို ရိုက်ကူးပြသခဲ့ရာ မကြာမီ စိုးမိုးဗီဒီယိုမှ ဖြန့်ချိမည့် ဒါရိုက်တာ မြိုင်စစ်သူ၏ **'မရယ်ရရင် မနေနိုင်ပေါင်'** အငြိမ့်ဟာသကား အပါအဝင် ဖြစ်သည်။ ကျော်ထူး၊ မန်းဝင်း၊ ငြိမ်းချမ်း၊ တိမ်ညွန့်၊ နေကျော်၊ ရွှေအိုး၊ နေခြည်ငြိမ်းချမ်းနှင့် ကြည်ဖြူမန်းဝင်းတို့ ပါဝင်ကြသည်။

(မြန်မာ့အလင်း)

ဝိသုံဂါမသာသနာအေးသိမ်တော်ကြီးအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂၂

ရန်ကုန်တိုင်းမြောက်ဥက္ကလာပ ဂိတ်ဟောင်းကြိုးတံတားအနီး ပြည့်စုံအေးမဟာစည်ရိပ်သာကြီးတွင် ရိပ်သာပဓာနနာယက တောင်ငူဆရာတော် ဘဒ္ဒန္တသုဇာတကြီးမှူး တည်ဆောက်လျက်ရှိသော ကျပ်သိန်းသုံးရာကျော်တန် ဝိသုံဂါမ သာသနာအေးသိမ်တော်ကြီးအတွက် အလှူငွေပေးအပ်ပွဲကို ယမန်နေ့နံနက်က အဆိုပါသိမ်တော်ကြီးခန်းမ၌ ကျင်းပရာ မြောက်ဥက္ကလာပမြို့နယ် (ဈ)ဈေး ရွှေဇင်ယော် ရတနာရွှေဆိုင် ဒေါ်တင်ကြည်မိသားစုက ကျပ်ငါးသိန်း၊ ရွှေပေါက်ကံ မြဝတီမင်းကြီး ၅လမ်းနေ ဒေါ်ထွန်းရှင်မိသားစုက ကျပ်တစ်သိန်း၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့နေ ရဟန်းကျောင်းအမ ဒေါ်တင်လှိုင်၊ မြောက်ဥက္ကလာပ ဘုမ္မာ ၃လမ်းနေ(ဦးကြီးမြင့်)-ဒေါ်ကျော့ငွေး၊ သား မောင်သန့်ဇင်မိသားစု၊ မြောက်ဥက္ကလာပ ရတနာကျွန်းရိပ်သာနေ ဒေါက်တာငွေးဆောင်(သွားပါမောက္ခ)-ဒေါ်ဆယ်လီဖွား၊ မင်္ဂလာဒုံ ခရေပင်လမ်းနေ၊ မစိုးစိုး၊ မအေးအေး ညီအစ်မတို့က ကျပ်ငါးသောင်းစီ၊ ရွှေပေါက်ကံနေ ဦးဘိုဖြူ-ဒေါ်ခင်ညွန့်ရီမိသားစုက ကျပ် နှစ်သောင်းငါးထောင် မြောက်ဥက္ကလာပ မြို့နယ် သုနန္ဒာ ၁၅လမ်းနေ ဦးဘိုလေး-ဒေါ်သန်းသန်းမိသားစု၊ ခေမာသီလမ်းနေ ဦးမျိုးသစ်-ဒေါ်လှမြင့်မိသားစုတို့က ကျပ်နှစ်သောင်းစီ၊ သုနန္ဒာလမ်းနေ ဦးမြသိန်း မိသားစုက ကျပ်တစ်သောင်းခွဲကို ပဓာနနာယကဆရာတော်ထံ ပေးအပ်လှူဒါန်းကြသည်။ အလှူရှင်များသည် ဆရာတော် ဖုန်း-၆၉၀၀၃၅သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြောင်းမြမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနက နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို မေ ၁၉ရက်က ကျင်းပရာ ဦးစီးဌာနမှူးဒုတိယညွှန်ကြားရေးမှူး ဦးတင်ချယ်နှင့် မြို့နယ်ဦးစီးအရာရှိ ဦးသိန်းညွန့်တို့က ဒုတိယဗိုလ်မှူးကြီးအေးချိုထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (က-ပ)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ရန်ကုန် ဇွန် ၂၂

ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ဇွန်၁၅ရက် နံနက်က လသာမြို့နယ် အမှတ်(၅)ရပ်ကွက်တွင် ကိုယ့်အားကိုယ်ကိုးနှင့် နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်းနှင့် ဟောပြောပွဲဖွင့်ပွဲကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးစိန်တိုး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဦးအောင်ကျော်ဦး၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးမျိုးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးအောင်ကျော်ဦးက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ဦးစီးအရာရှိက မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး အနာဂတ်နှင့် လူငယ်တာဝန်၊ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွဲ့စည်းထူထောင်ရေးအကြောင်း ဟောပြောသည်။ ထို့နောက် ရပ်ကွက်ဥက္ကဋ္ဌဦးမျိုးအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ဒဂုံမြို့သစ်(မြောက်ပိုင်း)စာပေနှင့်စာနယ်ဇင်းနှစ်ပတ်လည်စည်းဝေး ဗဟိုဦးစီးအစည်းအဝေးအတွေ့အကြုံရှင်းလင်း

ရန်ကုန် ဇွန် ၂၂

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးနှင့် ဗဟိုဦးစီးအစည်းအဝေးအတွေ့အကြုံ ရှင်းလင်းပွဲကို ဇွန် ၂၀ရက် မွန်းတည့်၁၂နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ မြို့နယ်ဥက္ကဋ္ဌဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)က အဖွင့်အမှာစကား ပြောကြားကြပြီး အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဒုတိယဥက္ကဋ္ဌဦးညွန့်လှိုင်(မောင်ညွန့်လှိုင်)က ဖတ်ကြားတင်ပြရာ အဖွဲ့ဝင်များက ဆွေးနွေးအတည်ပြုကြသည်။

ဆက်လက်၍ ဗဟိုဦးစီးအဖွဲ့ဝင် ဦးထွန်းရွှေ(ပြည်ထွန်းရွှေ)က အစည်းအဝေးအတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

(က-ပ)

တာမွေမြို့နယ် ဗညားဒလလမ်း အမှတ်(၃၁၀)နေ ကိုဇော်မင်းဦး မွေးနေ့အတွက် ဖြူဗြဟ္မဝိဟာရပရိ ယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း ရန်ကုန်သို့ ကိုဇော်မင်းဦး-မနှင်းနှင်းဦး၊ သား မောင်ကောင်းမြတ်မင်းတို့မှ အလှူငွေ ကျပ် ၁၀၀၀၄၀ ပေးအပ်လှူဒါန်းရာ အလုပ်အမှုဆောင် ဒေါ်ငွေးငွေးနိုင်က လက်ခံရယူစဉ်။ (က-ပ)

ပုသိမ်အသင်း(ရန်ကုန်) ပညာရေးထောက်ပံ့ရေးကော်မတီဖွဲ့စည်းရေးစည်းဝေး

ရန်ကုန် ဇွန် ၂၂

ပုသိမ်အသင်း(ရန်ကုန်)၏မျိုးဆက်သစ်လူငယ်များက ပညာရေးထောက်ပံ့ရေးကော်မတီ ဖွဲ့စည်းခြင်း အခမ်းအနားကို ဇွန် ၂၀ရက် နံနက် ၉နာရီက ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ် ၁၅၊ တိပိဋကဓမ္မရက္ခိတဗိမာန်တော်ကြီး ခန်းမတွင် ကျင်းပသည်။**(အပေါ်ပုံ)**

အခမ်းအနားတွင် ပုသိမ်အသင်း(ရန်ကုန်)နာယက ဦးကျော်အေးက အမှာစကားပြောကြားပြီး တက်ရောက်လာကြသော အသင်းသူ အသင်းသားများက ဧရာဝတီတိုင်း ပုသိမ်မြို့နေ အသင်းသူ အသင်းသားများ၏ ပညာရေးဆိုင်ရာ ကူညီထောက်ပံ့မှု ကူညီရန် ဆုံးဖြတ်ကြကြောင်း သိရသည်။

(၃၈၇)

ရန်ကုန် တောင်ပိုင်းခရိုင် ပထမအကြိမ် အမျိုးသမီးဝတ်ရွတ်စဉ် ရွတ်ဆိုပြိုင်ပွဲ ဆုပေးပွဲကို ဇွန် ၁၈ ရက်က သန်လျင်မြို့ ဝိသုဒ္ဓါရာမချမ်းမြေ့ သာယာအေး စာသင်တိုက်၌ ကျင်းပရာ ပထမရရှိသော ကျောက်တန်းမြို့နယ် အသင်းအား ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခေတ္တ အတွင်းရေးမှူး ဦးအောင်မြင့်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)

ကမ္ဘာ့ရွှေရင်အေးဆရာတော်ကြီး၏ (၉၈) နှစ်ပြည့် မွေးနေ့ဝိဇာတအလှူတော်နှင့် သိက္ခာထပ်မင်္ဂလာ

ရန်ကုန် ဇွန် ၂၂

ပြည်မြို့ ရတနာမာရ်အောင်တောရ ကမ္ဘဋ္ဌာန်း အလင်းပြတိုက်ကြီး၏ ဦးစီးပဓာန နာယက သက်တော်ရှည် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိစ္ဆာဗလ ကမ္ဘာ့ရွှေရင်အေး ဆရာတော်ကြီး၏ သက်တော် (၉၈)နှစ်ပြည့် ဝိဇာတ မွေးနေ့ အလှူတော် မင်္ဂလာအခမ်းအနားနှင့် စုပေါင်းသိက္ခာထပ်မင်္ဂလာ အခမ်းအနားကို ဇူလိုင် ၄ရက် (တနင်္လာနေ့) နံနက် ၈နာရီတွင် သိမ်ဝင်ခြင်းနှင့် ၈နာရီခွဲတွင် သိမ်ထွက်ခြင်း မင်္ဂလာပြုလုပ်ပြီး နံနက် ၉နာရီတွင် ဓမ္မစကြာဓမ္မာရုံတော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

ဆရာတော်ကြီး၏ သက်တော် (၉၈)နှစ်ပြည့် ဝိဇာတမွေးနေ့ အလှူတော်မင်္ဂလာပွဲတွင် ပင့်သံဃာ ၁၀၈ပါးတို့အား (၁၇)ကြိမ်မြောက်သိက္ခာထပ်ပွဲနှင့် အရုဏ်ဆွမ်းအလှူရှင်(ဦးစိုးတင့်)-ဒေါ်မြမြ မိသားစု တောင်ဥက္ကလာပနှင့် နေ့ဆွမ်း အလှူရှင် မန္တလေးသိန်းဇော်၊ (ဇနီး) ဒေါက်တာ ဒေါ်ချိုအေးဟန် (သား) မောင်အောင်ထွန်းဇော်၊ (သမီး) မလွင်ချို မိသားစု ရန်ကုန်တို့က ဆက်ကပ် လှူဒါန်းမည်ဖြစ်သည့်အပြင် ပင့်သံဃာ ၁၀၈ပါးတို့ကို ကမ္ဘာ့ရွှေရင်အေး ဆရာတော်ကြီးမှ လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ် လှူဒါန်းမည် ဖြစ်သည်။

သို့ဖြစ်၍ရပ်ဝေး၊ရပ်နီးဆရာတော်ကြီး၏ တပည့်ဒါယိကာ၊ ဒါယိကာမအပေါင်းတို့အား သက်တော်ရှည်ကမ္ဘာ့ရွှေရင်အေး ဆရာတော် ကြီး၏ သက်တော် (၉၈)နှစ်ပြည့် မွေးနေ့ဝိဇာတ အလှူတော်မင်္ဂလာပွဲနှင့် စုပေါင်းသိက္ခာထပ် အလှူတော်မင်္ဂလာပွဲသို့ ကြွရောက်ဖူးမြော် ကြည်ညိုနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အောင်လံမြို့ ကန်ကြီးရပ်ကွက် လမ်းမတော်လမ်းတစ်လျှောက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ပြည်သူများစုပေါင်း၍ မိုးရာသီ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများတူးဖော်ခြင်းနှင့် ခုံးတံတားများ ရှင်းလင်းဆောင်ရွက်ခြင်းတို့ကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဆွေ ကြီးကြပ်ဆောင်ရွက်စဉ်။ (က-ပ)

ဖြူးမြို့ မြို့မအနောက်ရပ်ကွက် (၂)လမ်းမှ ဦးလှမြင့်မိသားစုလှူဒါန်းသောငွေဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသော မြေသားလမ်းအဆင့်မှ ကျောက်ချောလမ်းအဆင့် ဆောင်ရွက်ခြင်းလုပ်ငန်းကို ဖြူးမြို့နယ် ဥက္ကဋ္ဌ ဦးမောင်မောင်ခင်၊ အမှုဆောင် အရာရှိ ဦးစိုးညွန့်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ညောင်ဦးခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇ၊ အတွင်းရေးမှူး ဗိုလ်မှူးတင်အောင်တို့ ဇွန် ၁၂ရက် နံနက်က ပုဂံသီရိပစ္စယာလမ်းဆုံ၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်ဝင်းနှင့် တာဝန်ခံ အင်ဂျင်နီယာဦးဆန်းလင်းဦးဆောင်၍ မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေသည်ကို ကြည့်ရှုစစ်ဆေးစဉ်။ (၃၀၀)

အခြေခံပညာ အလယ်တန်း အထက်တန်း စာသင်သားများအတွက်

Student's Companion စာစဉ်ထုတ်ဝေမည်

နယူးလိုက်အော့ဖ်မြန်မာသတင်းစာ စာတည်းအဖွဲ့က သင်ရိုးညွှန်းတမ်းများနှင့်အညီ ပြုစုထားသည့် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်း ကျောင်းသူ/သားများ အတွက် အင်္ဂလိပ်စာအထောက်အကူပြု Student's Companion စာစဉ်များကို ၂၀၀၅ ခုနှစ် ဇူလိုင်လဆန်းမှ စတင်၍ ပြန်လည်ထုတ်ဝေပါမည်။

မင်္ဂလာဒုံမြို့နယ် ခရေပင်ရိပ်မွန်အိမ်ရာစီမံကိန်းနှင့်ပတ်သက်သောကြော်ငြာစာ

၁။ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသည် မင်္ဂလာဒုံမြို့နယ်တွင် နှစ်ထပ်လုံးချင်းတိုက် ၄၆ လုံးပါဝင်သော ခရေပင်ရိပ်မွန်အိမ်ရာ စီမံကိန်းကို တည်ဆောက်ခဲ့ရာ ၎င်းလုံးချင်းတိုက်များအားလုံး တည်ဆောက်ပြီးဖြစ်သဖြင့် ဌာနမှ တာဝန်ရှိသူများကိုယ်တိုင် ဝယ်ယူထားသူပိုင်ရှင်များအား လွှဲပြောင်းလက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ စီမံကိန်းလုပ်ငန်းများပြီးစီးပြီဖြစ်သဖြင့် ဌာနမှတာဝန်ရှိသူများ အားလုံးသည် ၃၀-၆-၂၀၀၄ ရက်နေ့တွင် စီမံကိန်းနယ်မြေမှ ပြန်လည်ထွက်ခွာတော့မည်ဖြစ်သဖြင့် ဝယ်ယူထားသူ တိုက်ပိုင်ရှင်များသည် ၃၀-၆-၂၀၀၄ ရက်နေ့ နောက်ဆုံးထားပြီး စီမံကိန်းရုံး၌ လာရောက်လွှဲပြောင်း လက်ခံဆောင်ရွက်ကြရန်နှင့် ၃၀-၆-၂၀၀၄ရက်နေ့ နောက်ပိုင်းတွင် အထက်ပါလုံးချင်းတိုက်များနှင့် ပတ်သက်သော ကိစ္စရပ်များအား တာဝန်ယူတော့မည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
စီမံကိန်းဌာနခွဲ။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး နယ်တရားမရုံး၌
၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ် ၂၇

အေးအေးဝင်း(ခ)ဘေဘီ နှင့် ထွန်းထွန်းဦး
တရားလို **တရားပြိုင်**

ဒဂုံ(တောင်) ၁၉ ရပ်ကွက်၊ မာလာမြိုင်လမ်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။ သင့်အပေါ်၌ တရားလို အေးအေးဝင်း(ခ)ဘေဘီက လင်မယားကွာရှင်းပေးစေရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် ဇွန်လ ၂၄ ရက် (၁၃၆၆ ခုနှစ် ပထမဝါဆိုလဆန်း ၈ ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသား ပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် ဇွန်လ ၁၀ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးအုန်းလွင်(LL.,B)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး။

မိဘအမည်မှန်

ထားဝယ်မြို့ အထက(၃) ဒသမတန်းတွင် ပညာသင်ကြားလျက် ရှိသော စောလားပေါ်ဆီး ၏ ဖခင်နှင့်မိခင်အမည်မှန်မှာ စောဒါးကြီး ၆/ထဝန(နိုင်)၀၉၄၃၅၈နှင့် ဒေါ်သံလုံး ၆/ထဝန(နိုင်)၀၉၆၇၃၃ဖြစ်ပါသည်။

ကျေးဇူးဆပ်ပါမည်

အရေးကြီးကုမ္ပဏီစာရွက်စာတမ်းနှင့် မှတ်ပုံတင်၊ သန်းခေါင်စာရင်းများပါရှိသောအိတ် (၃၉)အဝါကားပေါ်တွင် မေ့ကျန်ခဲ့ပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။

မဝါဝါ
ဖုန်း-၅၇၈၆၉၄

ငြင်းချက်ထုတ်ရန် သမ္မန်စာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅
တနင်္သာရီတိုင်း တရားရုံး (ထားဝယ်မြို့) နယ်တရားမရုံး၌
၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ် ၁၄

ဦးကျော်လွင် နှင့် ဒေါ်ရီဝင်း
တရားလို **တရားပြိုင်**

ထားဝယ်မြို့၊ မော်အင်ကျောင်းလမ်း၊ ကျောက်မော်ရပ်၊ အမှတ် ၂၃၄ နေ ဒေါ်ရီဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။ သင့်အပေါ်၌ တရားလို ဦးကျော်လွင်က လင်မယား ကွာရှင်းပေးစေလိုမှုနှင့် နှစ်ပါးစုံပစ္စည်းရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် ဇွန်လ ၃၀ ရက် (၁၃၆၆ ခုနှစ် ပထမဝါဆိုလဆန်း ၁၄ ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသား ပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်သင်းဝေ
တွဲဖက်တိုင်းတရားသူကြီး
တနင်္သာရီတိုင်းတရားရုံး။

စာမူများဖိတ်ခေါ်ခြင်း

၂၀၀၅ ခုနှစ် ဇန်နဝါရီလတွင် ကျရောက်မည့် မြန်မာနိုင်ငံသမဝါယမရာပြည့်ကို ဂုဏ်ပြုသောအားဖြင့် အထူးထုတ် မဂ္ဂဇင်းထုတ်ဝေမည်ဖြစ်ရာ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး၊ ကာတွန်းနှင့် အခြားသင့်တော်ရာစာမူများ ရေးသား၍ **ဦးထိန်ဝင်း ဒုတိယညွှန်ကြားရေးမှူး အတွင်းရေးမှူး ရာပြည့် အထူးထုတ်မဂ္ဂဇင်းထုတ်ဝေရေးကော်မတီ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၊ အမှတ် ၂၅၉/၂၆၃၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း ရန်ကုန်မြို့**သို့ လိပ်မူပြီး ၃၁-၇-၂၀၀၄ နေ့ နောက်ဆုံးထားပေးပို့ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

ရာပြည့်အထူးထုတ်မဂ္ဂဇင်းထုတ်ဝေရေးကော်မတီ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ သတ္တုတွင်းဝန်ကြီးဌာန ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ ကျောက်မျက်ရတနာသတ်မှတ်လုပ်ကွက်(အသစ်)အဆိုပြုလွှာများတင်သွင်းရန်

ကြေညာချက် (၃/၂၀၀၄)

ရန်ကုန်မြို့၊ ၁၃၆၆ ခုနှစ်၊ နယုန်လပြည့်ကျော်(၁)ရက်
(၂၀၀၄ ခုနှစ်၊ ဇွန်လ ၃ ရက်)

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် သတ်မှတ်လုပ်ကွက် (အသစ်) အဖြစ် အကွက်ရိုက် သတ်မှတ်ပေးရန် သတင်းပေးတင်ပြလွှာပုံစံ(မကလ/သမ-၁)ဖြင့် တင်ပြလျှောက်ထားသည့် လုပ်ကွက်များအနက် ကွင်းဆင်းစစ်ဆေးတိုင်းတာပြီး လုံးခင်း၊ ဖားကန့်ဒေသတွင် အကွက်ရိုက် သတ်မှတ်ထားသည့် သတ်မှတ်လုပ်ကွက်(အသစ်)များကို နိုင်ငံသား၊ ပုဂ္ဂလိက၊ ကုမ္ပဏီ/အသင်းများအား ဈေးပြိုင်စနစ်ဖြင့် တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်များ ထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ သတ်မှတ်လုပ်ကွက် (အသစ်)များကို ဈေးပြိုင်စနစ်ဖြင့် အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင် (လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (DEPOSIT) ကျပ်တစ်သိန်း ပေးသွင်းရပါမည်။ အာမခံစပေါ်ငွေများအား ခွင့်ပြုမိန့်ထုတ်ပေးမည့်လုပ်ကွက်အတွက် အဆိုပြုငွေများ ပေးသွင်းရာတွင် အဆိုပြုငွေမှ ခုနှိမ်ပေးသွင်းခြင်း/ခွင့်ပြုမိန့် မရသူများအား ပြန်လည်ထုတ်ပေးခြင်း စသည်တို့ကို ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီက သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ ကျောက်မျက်ရတနာ တူးဖော်လုပ်ကိုင်လိုသည့် ကုမ္ပဏီများသည် သင်းဖွဲ့မှတ်တမ်းအရလည်းကောင်း၊ သမဝါယမအသင်းများသည် အသင်းစည်းကမ်းအရလည်းကောင်း၊ ကျောက်မျက်ရတနာတူးဖော်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရှိရမည့်အပြင်၊ ကုမ္ပဏီ၊ အသင်းသည် ရန်ကုန်မြို့၌ ရှိရပါမည်။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားဆဲဖြစ်ပါက သက်ဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများ တင်ပြလျှောက်ထားနိုင်ပါသည်။ ၎င်းအပြင် ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ/အသင်းများအနေဖြင့် ခွင့်ပြုမိန့်ရရှိထားသည့် ကျောက်မျက်ရတနာလုပ်ကွက်များကို တရားမဝင် လွှဲပြောင်းခြင်း မပြုရန် သတ္တုတွင်းဝန်ကြီးဌာနမှ ၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်တွင် ထုတ်ပြန်ကြေညာသည့် အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၉၉) အတိုင်း လိုက်နာဆောင်ရွက်ရမည့်အပြင် ကျောက်မျက်ရတနာ ထုတ်လုပ်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် ခွင့်ပြုမိန့်ရရှိသူများလိုက်နာရန် သတ္တုတွင်းဝန်ကြီးဌာနက ၂၀၀၄ ခုနှစ် မေလ ၁၂ ရက်တွင် ထုတ်ပြန်ကြေညာသည့် အမိန့်ကြော်ငြာစာအမှတ် ၈၅/၂၀၀၄ အတိုင်းလိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည်။

၄။ သတ်မှတ်လုပ်ကွက် (အသစ်) တစ်ကွက်အတွက် မြေအကျယ်အဝန်းမှာ တစ်ဧကဖြစ်ပါသည်။ သို့ရာတွင် အချို့သတ်မှတ်လုပ်ကွက် (အသစ်)များအနေဖြင့် တစ်ဧကထက်လျော့နည်းသည့်လုပ်ကွက်များလည်း ပါဝင်ပါသည်။ လုပ်ကွက်နယ်မြေ အကျယ်အဝန်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက သတ္တုတွင်းဝန်ကြီးဌာန၊ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီက ညှိနှိုင်းဆုံးဖြတ်ခြင်းကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ သတ်မှတ်လုပ်ကွက် (အသစ်)အတွက် ခွင့်ပြုသက်တမ်းမှာ (၃)နှစ်ဖြစ်ပြီး အနည်းဆုံးပေးသွင်းရမည့် အဆိုပြုငွေမှာကျပ် ၁၀ သိန်းဖြစ်ပါသည်။ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးမည်ဖြစ်၍ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းမည့်အဆိုပြုငွေကို ဂဏန်းဖြင့်သာမကဘဲ၊ စာသားဖြင့်ပါ တိတိကျကျ ဖော်ပြရမည်ဖြစ်ပါသည်။

၅။ မိမိတို့တူးဖော်လိုသည့် သတ်မှတ်လုပ်ကွက် (အသစ်) လုပ်ကွက်များကို လုပ်ကိုင်မည့် ပုဂ္ဂိုလ်များကိုယ်တိုင် ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီးမှသာ လုပ်ကိုင်မည့်သူကိုယ်တိုင် လက်မှတ်ရေးထိုး၍ အဆိုပြုလွှာများတင်သွင်းရန်ဖြစ်ပါသည်။ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိပြီးနောက်မှ ကျောက်မျက်တူးဖော်ထုတ်လုပ်ရန် မြေမှန်မရှိခြင်းနှင့် အခြားအကြောင်းအမျိုးမျိုးဖော်ပြ၍ ကြိုတင်ပေးသွင်းထားသည့် အာမခံစပေါ်ငွေများနှင့် နိုင်ငံတော်သို့ပေးသွင်းပြီးသော အဆိုပြုငွေများကို ပြန်လည်ထုတ်ပေးရန်၊ လုပ်ကွက်နေရာပြောင်းလဲပေးရန် တင်ပြခြင်းများကို ခွင့်ပြုမည်မဟုတ်ပါ။ ၎င်းအပြင် အဆိုပြုလွှာများတင်သွင်းရာတွင် လုပ်ငန်းမှတ်ပုံတင်ခြင်း မရှိသည့်အဆိုပြုလွှာများနှင့် ပြည့်ပြည့်စုံစုံဖော်ပြခြင်းမပြုသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၆။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့်အဆိုပြုလွှာ ပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့်ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာများထုတ်ယူခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် ၂၀၀၄ ခုနှစ်၊ ဇွန်လ ၇ ရက်မှစ၍ အမှတ် ၆၆၊ ကမ္ဘာအေးစေတီလမ်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများ ပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာများ ထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာ တင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်(အသစ်)များအတွက် သတ်မှတ်အဆိုပြုလွှာ(မကလ-၂)နှင့်ပုံစံ (သမ-၁)တို့တွင် လိုအပ်သည်များကို ပြည့်ပြည့်စုံစုံ ရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍၊ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင် ချိပ်ထိုးပြီး ၂၀၀၄ ခုနှစ် ဇွန်လ ၇ ရက်မှ ၂၀၀၄ ခုနှစ် ဇူလိုင်လ ၂ ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ အမှတ် ၆၆၊ ကမ္ဘာအေးစေတီလမ်း၊ရန်ကုန်မြို့တွင် သတ်မှတ် ချက်များနှင့်အညီ တင်သွင်းရပါမည်။

၇။ အသေးစိတ်သိလိုသူများသည် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ ရန်ကုန်မြို့တွင် လည်းကောင်း၊ မိုးကုတ်နှင့်လုံးခင်းတွင် အခြေပြုသည့် ကျောက်မျက်ကျောက်စိမ်း တူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးနှင့်မိုင်းရှူး/လွိုင်ဆောင်ထောက်တွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်းစခန်းရုံးများတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊
စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ။

High Grade အမျိုးသားသီးသန့်အဆင့်မြင့်ဆံသဆိုင်နှင့်ဆရာကြီးဦးအုန်း

ဆံပင်ညှပ်ပညာရှင် ဆရာကြီးဦးအုန်း(အင်းလျားလိတ်) High Grade သို့ ရောက်ရှိလာပါပြီ။

ကျေးဇူးရှင် မိတ်ဆွေဟောင်းများ ကျန်းမာ ချမ်းသာပါစေကြောင်းနှင့် မိတ်ဆွေသစ်များကို ကြိုဆိုလျက်ပါ။

ဦးအုန်း	ဗိုလ်ကြီးဝင်းနိုင် (ငြိမ်း)
ကိုလတ်	ဒေါ်နုနုမြိုင်
ဦးခင်အုန်း	High Grade မိသားစု။
ကိုမွန်လေး	
ဦးသန်းညွန့်	

အမှတ် ၁၇၊ သပြေညိုလမ်း၊ ရှင်စောပုရပ်ကွက်၊စမ်းချောင်း၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၀၀၂၁၆၊ ၀၉၉၉-၂၇၅၄၁

အမည်ဖြည့်စွက်ခြင်း တောင်ကြီးမြို့ မင်္ဂလာဦးရပ်နေ ဦးရန်ကင်း၏ သမီး မချိုရင် ၁၃/သကန(နိုင်) ၁၉၅၇၁၅အား မချိုရင်(ခ)မမြတ်မြတ်မိုးဟု ဖြည့်စွက်ခေါ်ပါရန်။ **မချိုရင်(ခ)မမြတ်မြတ်မိုး။**



ယုဇနဆောက်လုပ်ရေး

အဖွဲ့ မှ အရှေ့/မြောက် ဒဂုံမြေကွက်များကို အထူးဈေးနှုန်းဖြင့်

(၁-၆-၂၀၀၄ မှ ၃၀-၆-၂၀၀၄) ထိ ရောင်းချပေးနေပါသည်။

ဆက်သွယ်ရန် လိပ်စာ - 7,8 လမ်းဆုံ မီးပွိုင့်အနီး ပြည်ထောင်စုလမ်းမကြီး၊ မြောက်ဒဂုံမြို့နယ်။

☎- 700800,540745,540746,540747

ဒေါ်အင်မြိုင် (ထားဝယ်)
စာတိုက်မှူး(ငြိမ်း)
အသက်(၈၉)နှစ်

ထားဝယ်မြို့၊ပိန္နဲတောရပ်နေ(ဦးအေး–ဒေါ်ဖွားခင်)တို့၏သမီး၊ဒေါ်တင်လှိုင်၏အစ်မ၊ ရန်ကုန်မြို့၊ အမှတ် ၂၀၀(ဒု–ထပ်) ၊ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်နေ (ဦးလှိုင်ပို)၏ဇနီး၊ ဒေါက်တာဦးသက်တင်(ခြသေ့်ညီနောင်ဆေးခန်း)–ဒေါ်ခင်အေးသန်း၊ [ဒေါ်တင်စိန်(စိမ်း) တွဲဖက်ပါမောက္ခ၊ ဓာတုဗေဒဌာန]၊ ဦးဂျော်စိန်(ရေကြောင်းအင်ဂျင်နီယာချုပ်၊ ငြိမ်း)–ဒေါ်ခင်မမ၊ ဦးအောင်နိုင်ဦး–ဒေါ်ညာကြည်(တွဲဖက်ပါမောက္ခ၊ ပုသိမ်တက္ကသိုလ်)၊ ဦးဘွန်သိန်း(ဒု–ညွှန်မှူး၊ စိုက်/စီ)–ဒေါ်အေးအေးသွင်၊ ဒေါက်တာဦးတင်ဝင်း(ထိပ်တန်းဆေးခန်း)–ဒေါ်စန်းစန်းရီ(အထပြ၊ ငြိမ်း၊ လ/၄၊ သဃ်္ဃန်းကျွန်း)၊ ဦးအေးကြူ–ဒေါ်ရီရီထွေး (အထပြ၊ ပုဇွန်တောင်–၄)၊ ဒေါ်ရီရီလှ (အာရုတော်ဝင်ဆေးခန်း)တို့၏မိခင်၊ မြေး ၁၁ ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂၁–၆–၂၀၀၄ရက် နံနက် ၁း၅၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၃–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

တစ်လပြည့်လွမ်းဆွတ်သတိရခြင်း

၂၂–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားခဲ့သော ချစ်သမီး မတင်မာစိုး(ခ) မခိုင်ဇင်သက်(ခ)မိငယ် တစ်လပြည့်ခဲ့သော်လည်း တစ်နေ့မှ မေ့မရပါ၊ နေ့စဉ်ပြုခဲ့သော ကောင်းမှုကုသိုလ်အတွက် အမျှ–အမျှ–အမျှ သာဓုခေါ်ပါ။

ချစ်ဖေဖေ – ဦးဘစိန်
ချစ်မေမေ – ဒေါ်စန်းရီ
ချစ်မမ – မလင်းလင်း၊ မဝါဝါ
ချစ်ကိုကို – တူးတူး
ချစ်မောင်လေး – မောင်လေး။

ဒေါ်တင်တင်ဝင်း
ဌာနခွဲမှူး(ငြိမ်း)
ထွေ/စီ M.P.P.E (ရုံးချုပ်)
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ အမှတ် ၁၅၄ နေ (ဦးကျော်ခင်–ဒေါ်ကြင်မြ)တို့၏ သမီးကြီး၊ ဦးမောင်မောင်အေး (General Assistant – M.O.G.E)၏ ဇနီး၊ (ဦးမြင့်ဆွေ)–ဒေါ်နုနုရီ (အထက–၂၊ စမ်းချောင်း)၊ ဒေါ်ခင်ဝင်းကြည်၊ ဦးထင်အောင်–ဒေါ်တင်ဝင်းကြည်၊ ဒေါ်အေးအေးမာ(စာရင်းစစ်ချုပ်ရုံး)၊ ဦးသက်ဦး–ဒေါ်နီနီချိုထွေး(ပြည်သူ့အင်အားဦးစီးဌာန)၊ ဦးသိန်းဆွေ–ဒေါ်မြင့်မြင့်စန်း၊ ဒေါ်ခင်ချိုတို့၏အစ်မကြီး၊ တူ တူမ ခုနစ်ယောက်တို့၏ဒေါ်ကြီးသည် ၂၂–၆–၂၀၀၄ရက် ည ၈ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၄–၆–၂၀၀၄ ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။



မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ကသ/၂၀၆၆သည် မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူ ပျောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊တိုင်းရုံး(ထားဝယ်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊တိုင်းရုံး(ထားဝယ်)။**

ဘုရား၊ကျောင်းဒါယကာကြီး
ဦးအောင်ကျော်
(စာရေးဆရာ တက္ကသိုလ်တင့်လွင်ဦး)
အသက်(၇၁)နှစ်

သံတွဲမြို့နေ (ဦးမောင်တုတ်–ဒေါ်ကျင်ဥ)တို့၏သား၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကစံရပ်ကွက်၊ ပုလဲလမ်း၊ အမှတ် ၁၇(တတိယထပ်)နေ (ဒေါ်တင်ရီ)၏ခင်ပွန်း၊ ကိုဝေဇော်ဦး–မတင်တင်ဝင်း၊ ကိုဌေးအောင်ဦး၊ မအေးသီရိဦး–ကိုကျော်ဝင်းထွန်းတို့၏ဖခင်၊ မခင်ရတနာဇော်၊ မောင်ကောင်းမြတ်ထက်၊ မောင်ထက်အာကာကျော်တို့၏ အဘိုးသည် ၂၁–၆–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၀း၃၀ နာရီတွင် နေအိမ်၌ကွယ်လွန်ပါ၍ ၂၃–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သိန်း (ဥက္ကံမြို့)
အသက်(၆၉)နှစ်

ဥက္ကံမြို့၊ ဂတ်ဟောင်းလမ်းနေ(ဦးဘိုးစိန်–ဒေါ်စောမြ)တို့၏သမီး၊ရွှေပေါက်ကံမြို့သစ်၊ ၁၇/၃/၁၆၀၊ စပါယ်လမ်းနေ (ဗိုလ်ကြီးခင်မောင်)၏ဇနီး၊ (ဦးမြမောင်)၊ (ဒေါ်ကြည်)၊(ဦးခင်ညို–ဒေါ်ခင်သောင်း)တို့၏ညီမ၊ (ဦးမြတ်မင်း)၊ ဒုအရာခံဗိုလ်အေးမင်း–ဒေါ်သင်းသင်းအေး၊ ဗိုလ်မှူးခင်ကျော်–ဒေါ်တင်တင်ဝင်း၊ ဒေါ်ထားထားခိုင်(ပင်စင်ဦးစီးဌာန)၊ ဦးနေမျိုး(MPPE)–ဒေါ်သက်ရီထွေး(တနင်္သာရီတိုင်း၊ စီမံကိန်းဦးစီးရုံး)တို့၏မိခင်၊ မြေးရှစ်ယောက်၊မြစ်တစ်ယောက်တို့၏အဘွားသည် ၂၀–၆–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၉း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄–၆–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးထွန်းအောင်
(မြင်းခြံ)မြို့မကျောင်းသားဟောင်း ဒုလက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) စက်မှု–၁၊ (အထည်)
အသက်(၇၄)နှစ်

မြင်းခြံမြို့နေ (ဦးစော–ဒေါ်သိန်း)တို့၏သား၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၆)ရပ်ကွက်၊ အမှတ် ၁၂၄၈၊ မင်္ဂလာသုခ ၃ လမ်းနေ ဒေါ်စန်းစန်းအေး (နန်းချယ်ရီမှုကြို)၏ခင်ပွန်း၊ မန္တယ်နီဦး(စက်မှုအထည်)၊ မတင်မျိုးသွယ်(စက်မှုအထည်)၊ မောင်ထက်မြတ်အောင်–မမိုးမိုးအောင်၊ မောင်မြတ်သင်းအောင် (B.H.I Co., Ltd.)တို့၏ ဖခင်သည် ၂၂–၆–၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁၀း၄၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄–၆–၂၀၀၄ ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးနော်ဆင် (တကက၊ ငြိမ်း)
အသက်(၆၇)နှစ်

(ဦးသောင်း–ဒေါ်မှုမှု)တို့၏ သား၊ အမှတ် ၁/၁၃၊ သီရိမြိုင် ၇ လမ်း၊ လှိုင်မြို့နယ်နေ ဦးယောဟန်–ဒေါ်ဖွားကြည်တို့၏ညီ/မောင်၊ ၄/၂၄၄၊ စကားဝါလမ်း၊ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်အုံးသွင်၏ခင်ပွန်း၊ ဦးကြည်မြင့်၊ ဦးထွန်းထွန်းဝင်း–ဒေါ်ခင်ပြုံးရီ၊ ဦးကြည်လွင်(မော်တော်ယာဉ်) – ဒေါ်စန္ဒာလွင်၊ တကညီညီလွင်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၁–၆–၂၀၀၄ ရက် (တနင်္လာနေ့) ညနေ ၃း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃–၆–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မသက်ဆိုင်ပါ

ကျွန်တော်၏ဇနီးဖြစ်သူ မလဲ့လဲ့ဝင်း ၁၂/လကန(နိုင်)၁၃၉၅၈၆ သည် ၂၀–၅–၂၀၀၄ရက်တွင် ၎င်းဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စများအား လုံးဝတာဝန်ယူမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးအေးသွင် ၁၂/လကန(နိုင်)၀၆၆၃၁၈။

အများသိစေရန်သတိပေးကြေညာခြင်း

မကွေးတိုင်း၊ ဆင်ပေါင်ဝဲမြို့နယ်၊ကိုးပင်ကျေးရွာနေ(ကွယ်လွန်သူ)ဒေါ်ချစ်မြပိုင် ကိုရိုလာဗင် အမှတ် ၂ခ/၅၄၂၁ ကားမှာ ယခုအခါ သားဖြစ်သူ ဦးမြင့်စိုး ၈/ဆပဝ(နိုင်)၀၁၅၇၇၂ အမည်သို့ ပြောင်းလဲထားကြောင်း သိရပါသည်။

၎င်းကားမှာ အမွေဆိုင်ပစ္စည်းများတွင် ပါဝင်နေ၍ ၂ခ/၅၄၂၁ ကိုရိုလာဗင်အဖြူရောင်ကားနှင့်ပတ်သက်ပြီး ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ရုံးပြောင်းခြင်း၊ အမည်ပြောင်းလဲခြင်း၊ အရောင်းအဝယ်စာချုပ်ကို ပြောင်းလဲချုပ်ဆိုခြင်း၊ ကြေညာစာချုပ် ချုပ်ဆိုခြင်း(သို့)အခြားနည်းတစ်စုံတစ်ရာ ပြောင်းလဲခြင်း မပြုလုပ်ရန် ကန့်ကွက်လွှာကို ၂၀၀၄ခုနှစ် မေလ ၅ရက်နေ့စွဲပါစာဖြင့် တိုင်းဦးစီးမှူး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(မကွေးတိုင်းရုံး)မကွေးမြို့သို့ ပေးပို့အကြောင်းကြားခဲ့ပြီးဖြစ်ပါသဖြင့် ယခုအခါ အများသိစေရန် ထပ်မံ၍အသိပေးကြေညာကြားခြင်းဖြစ်ပါသည်။

အကယ်၍ ၂ခ/၅၄၂၁ ကားနှင့်ပတ်သက်ပြီး နည်းအမျိုးမျိုးဖြင့် လွှဲပြောင်းခြင်းပြုလုပ်ပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်သီတာလှ
၈/ဆပဝ(နိုင်)၀၁၆၃၅၄
အမှတ် ၁၀၇၊ လမ်းမတော်လမ်း၊
ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပြည်မြို့၊
ဖုန်း–၂၁၉၅၇။

မြန်မာ့အသေးစားချေးငွေလုပ်ငန်း ဝန်ထမ်းဟောင်းများအသင်း
ဒေါ်တင်အေး
(ကြီးကြပ်ရေးမှူး၊ ငြိမ်း)
အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ပုသိမ်ညွှန့်ရပ်ကွက်၊ ၆ လမ်း၊ အမှတ် ၆ နေ ဦးစိုးမြင့်(ကြီးကြပ်ရေးမှူး၊ငြိမ်း)၏ဇနီးသည် ၂၂–၆–၂၀၀၄ ရက် နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄–၆–၂၀၀၄ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသားအသင်းသူများလိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်ဝါဝါအေး (သုဝဏ္ဏမြို့)
အသက်(၅၁)နှစ်

ရန်ကုန်တိုင်း၊ သုဝဏ္ဏမြို့၊ (၂၉) ရပ်ကွက်၊ မင်းဒင်လမ်း၊ တိုက် ၃၇/၃ နေ ဦးချစ်အေး–(ဒေါ်ရွှေတင်)တို့၏ သမီး၊ မန္တလေးတိုင်း၊ စိန်ပန်းရပ်နေ (ဦးသောင်းညွှန့်) – ဒေါ်သောင်းတို့၏ သမီးချွေးမ၊ ဦးမြင့်ဖေ (Seaman-Navigation Co)၏ဇနီး၊ မခိုင်သီရိဖေ (B.Sc, Bot)၊ မောင်ပြည့်ဖြိုးဖေ (3rd Year, Chem၊ ဒဂုံတက္ကသိုလ်) တို့၏မိခင်၊ ဦးအေးမင်းသူ–ဒေါ်စမ်းစမ်းအေး၊ (ဦးအေးမင်းလွင်)၊ ဦးအေးမင်းအောင်–မအေးအေးမြင့်၊ ဦးအေးမင်းဇော်–ဒေါ်ခင်စိုးငြိမ်း၊ ဦးသန်းထွန်းဦး–မဝင့်ဝင့်အေးတို့၏ အစ်မကြီးသည် ၂၀–၆–၂၀၀၄ရက် နံနက် ၀၀း၄၅ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ရေဝေးမွတ်ဆလင်သုသာန်၌ ဒါဖနာပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
မောင်မျိုးအောင်စိုး(ခ)ကိုမျိုး
အသက်(၂၇)နှစ်

မွန်ပြည်နယ်၊သံဖြူဇရပ်မြို့၊စက်သစ်ရပ်ကွက်၊ သီရိရတနာလမ်း၊ အမှတ် ၈၇ နေ (ဦးစန်းအေး–ဒေါ်မာတွတ်)၊ ဦးရွှေမြ–ဒေါ်ရှင်ထွေး(စိုးမိုးစတိုး)တို့၏ မြေး၊ ဦးစိုးသိန်း–ဒေါ်နီနီရွှေတို့၏သား၊ မချိုချိုခိုင်၏အစ်ကို မောင်မျိုးအောင်စိုး၏ ၁၄–၆–၂၀၀၄ရက် ဈာပနတွင် ရွှေရင်ကွေ့သုသာန်သို့ လိုက်ပါပို့ဆောင်ပေးကြသော ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ဝမ်းနည်းကြောင်း သတင်းမေးမြန်းကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အစစအရာရာ ကူညီဆောင်ရွက်ပေးကြသော မိတ်ဆွေသင်္ဂဟအပေါင်းတို့အားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးဖေသန်းလေး
(အငြိမ်းစား)
ဗိုလ်သင်တန်းအမှတ်စဉ်–၂၅
ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင်
အသက်(၇၀)

မော်လမြိုင်မြို့နေ (ဦးဘိုးကြိုင်–ဒေါ်မြဂိုင်)တို့၏သား၊ အမှတ်(ဃ–၃၆/၂)၊ လမ်းသစ်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နေ ဒေါ်လှလှ (အထကပြ၊ အငြိမ်းစား)၏ခင်ပွန်း၊ ပျဉ်းမနားမြို့နေ ဦးအောင်ချို–ဒေါ်နီမာခိုင်(Supera Stur မုန့်နှင့်အလူမီနီယံ)၊ ဦးအောင်ဇော်မင်း(C/E P.I.L) – ဒေါ်မိုးပွင့်၊ ဗိုလ်မှူးအောင်ဇော်လင်း–ဒေါ်သန်းသန်းအောင်၊ ဦးအောင်မြတ်ချစ်–ဒေါက်တာသန္တာထွေးတို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၂၀–၆–၂၀၀၄ရက် (တနင်္လာနေ့) ည ၉း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃–၆–၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကံမြင့်
လက်ထောက်မန်နေဂျာ(ငြိမ်း)
(M E I S)
အသက်(၆၆)နှစ်

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၄)တောင်ရပ်ကွက်၊ အောင်သစ္စာ ၈ လမ်း၊ အမှတ် ၇၁၄ နေ (ဦးညီငယ်–ဒေါ်ခင်ဆင့်)တို့၏သားကြီး၊ ဦးထွန်းကြည်–ဒေါ်အုန်းကြူ၊ ဦးစိုးမြင့်(အရာခံဗိုလ်၊ ငြိမ်း၊ တပ်မတော်–လေ)– ဒေါ်သိန်းရီ၊ ဦးစန်းမြင့်–ဒေါ်ခင်စန်းစန်း၊ (ဦးဌေးအောင်)၊ ဦးစန်းကိုကို(ဒုအရာခံဗိုလ်၊ တပ်မတော်–လေ)–ဒေါ်တိုးတိုးထွန်း၊ ဒေါ်ယုယုခင်(နယ်စပ် ကုန်သွယ်ရေး)တို့၏အစ်ကိုကြီး၊ တူ တူမ ၁၁ ယောက်တို့၏ဦးဦးကြီး၊မြေးငါးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၂–၆–၂၀၀၄ ရက်(အင်္ဂါနေ့)နံနက် ၀၆း၄၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄–၆–၂၀၀၄ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးခင်မောင်ထွေး
CDC-17156
(စစ်တွေ/ဖျာပုံ)
အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၅၁ လမ်း၊ အမှတ် ၁၈၅ နေ ဦးထွန်းလှအောင်–ဒေါ်ကျော့မေ(အခွန်ဦးစီး၊ ငြိမ်း)တို့၏သား၊ ဖျာပုံမြို့၊ အမှတ် ၇၊ မဟာဗန္ဓုလလမ်း၊ (၆)ရပ်ကွက်နေ ဦးခင်မြင့်–ဒေါ်လှမြင့်တို့၏သားသမက်၊ ဒေါ်အေးအေးခိုင်(အလပြ၊ အမက–၁၊ တပ်မြေ)၏ခင်ပွန်း၊ မောင်ဉာဏ်လင်းထက်အောင်(တတိယတန်း၊ အမက–၇၊ တောင်ပိုင်း)၏ဖခင်၊ ဦးတင်ကိုကိုဇော်–ဒေါ်စိုးစိုးယဉ်၊ ဒေါက်တာဦးကြည်ရွှင်–ဒေါ်မြတ်မြတ်စိုး၊ ဗိုလ်မှူးအောင်ဇော်–ဒေါ်ဝါဝါရွှေ၊ ဦးကျော်မျိုးခိုင်–ဒေါ်ဆွေဆွေမြင့်၊ ဦးအောင်မျိုးထွန်း–ဒေါက်တာဒေါ်ခင်မျိုးရီ(လ/ထ၊ ဆရာဝန်၊ ပြည်သူ့ဆေးရုံ၊ ဖျာပုံမြို့)၊ဒေါ်ခင်မျိုးသန့်တို့၏အစ်ကို၊ တူ တူမ ခြောက်ယောက်တို့၏ဘကြီးသည် ၂၁–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၅–၆–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ဖျာပုံမြို့ လိပ်ဥကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ကိုစိုးဦး(ခ)ကိုပေါက်စ
(ဘိုကလေးမြို့)
အသက်(၃၈)နှစ်

ဘိုကလေးမြို့၊ အမှတ် ၄၄၊ ကမ်းနားလမ်းနှင့် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၈ လမ်း၊ အမှတ် ၆၉ (ပထမထပ်)နေ ဦးရီစိန်(ခ)ဦးအောင်မြင့်–ဒေါ်ကြင်အေးတို့၏သားလတ်၊ ဒေါ်ကြင်လှိုင်၏တူ၊ ဦးတင်ဦး–ဒေါ်တင်တင်နွဲ့၊ ဦးစိုးရ (2/E) – ဒေါ်သန်းသန်းမြင့်၊ ဦးဆန်းဦးတို့၏ညီ/မောင်၊ ကိုသန်းလှိုင်၊ မကြည်ကြည်မြင့်၊ ကိုကျော်ကျော်ဦးတို့၏အစ်ကို၊ မောင်ဖြိုးမြတ်သူ၊ မအောကစ်တို့၏ဦးလေးသည် ၂၂–၆–၂၀၀၄ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၅ နာရီတွင် ဗဟိုရံစည်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့်၂၄–၆–၂၀၀၄ရက်(ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ညွှန့်
(သာစည်/မိတ္ထီလာမြို့)
သူနာပြုဆရာမကြီး(ငြိမ်း)
ရန်ကုန်ကလေးဆေးရုံကြီး
အသက်(၈၀)

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၄)ရပ်ကွက်၊ သုမန ၄ လမ်း၊ အမှတ် ၈၉၀ နေ (ဦးရေချမ်း–ဒေါ်ရွှေအုံ)တို့၏သမီး၊ (ဗိုလ်အေးမောင်)–ဒေါ်ခင်ညွှန့်၊ (ဗိုလ်မှူးလှမောင်–ဒေါ်မြရီ)တို့၏ညီမ၊ (ဦးညွှန့်မောင်)–ဒေါ်ခင်ကြည်၊ (ဦးဝင်းမောင်)–ဒေါ်တင်တင်နွဲ့၊ ဦးရှိန်မောင်–ဒေါ်မြင့်မြင့်ဆွေတို့၏အစ်မသည် ၂၁–၆–၂၀၀၄ရက် ည ၉း၀၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃–၆–၂၀၀၄ရက် ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်နန်း (ကျိုက်လတ်)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃၉၊ ပတ္တမြားလမ်းနေ (ဦးနောက်တိုး–ဒေါ်လှ)တို့၏သမီး၊ ဦးလှ၏ဇနီး၊ ဦးဖိုးကြည်–ဒေါ်စန်းငွေ၊ ကိုကြည်–(ဒေါ်စန်းမြင့်)၊ ဦးညွှန့်မောင်–ဒေါ်ခင်ပု၊ ဦးဝင်းမောင်–ဒေါ်သိန်းပု၊ ဦးသိန်းမြင့်–ဒေါ်ငွေငွေတို့၏မိခင်၊ မြေး ၁၅ ယောက်တို့၏အဘွား၊ မြစ်ငါးယောက်တို့၏ဘွားဘွားကြီးသည် ၂၁–၆–၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၃–၆–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးခင်မောင်ထွေး
CDC-17156
(စစ်တွေမြို့)
အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၅၁ လမ်း၊ အမှတ် ၁၈၅ နေ (ဦးထွန်းလှအောင်)–ဒေါ်ကျော့မေ(ပတခ၊ ငြိမ်း)တို့၏သားထွေး၊ (ဒေါ်ဦးကျော့စိန်)၊ (ဦးအေးထွန်းတင်) – ဒေါ်ကျော့သာ (ပတခ၊ ငြိမ်း)တို့၏တူသား၊ ဖျာပုံမြို့၊ အမှတ် ၇၊ မဟာဗန္ဓုလလမ်းနေ (ဦးခင်မြင့်)–ဒေါ်လှမြင့်တို့၏ သားသမက်၊ ဒေါ်အေးအေးခိုင်(အလပြ၊ အမက–၁၊ တပ်မြေ)၏ခင်ပွန်း၊ မောင်ဉာဏ်လင်းထက်အောင်(တတိယတန်း၊အမက–၇၊ တောင်ပိုင်း)၏ဖခင်၊ ဦးလှမြင့်–ဒေါ်လှလှသန်း၊ဦးတင်မြင့်–ဒေါ်နွဲ့နွဲ့ယဉ်၊ဦးခင်မောင်ကြည် (R/O OW Ship.)–ဒေါက်တာခင်စောလှ(FDA)၊ ဒေါ်တင်တင်ညွှန့်(အထက၊ပိန်းကန်)–ဒေါက်တာအေးသွင်၊ (ဦးခင်မောင်သန်း)–ဒေါ်ခင်ခင်စန်း၊ ဒေါ်တင်တင်မေ၊ ဦးစိုးမြင့် (C/O OW Ship.)–ဒေါက်တာသီတာဟန်(လုပ်ငန်းခွင်၊ ကျန်းမာ)၊ ဒေါ်သန်းသန်းနု(ပတခ) – ဦးအောင်ညွှန့် (ပတခ)တို့၏ညီ/မောင်သည် ၂၁–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၅–၆–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ဖျာပုံမြို့ လိပ်ဥကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးတင်ထွန်းအောင် (ငြိမ်း)
(ခ)တေဇမောင်မောင်
B.Sc (DSA)
(တပ်မတော်–လေ၊ငြိမ်း)
အပတ်စဉ်–၃၆
အသက်(၃၄)နှစ်

မြင်းခြံမြို့၊ ၁ လမ်း၊ (၂)ရပ်ကွက်နေ ဦးတင်မောင်မောင် (ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ဆည်မြောင်း)–ဒေါ်ခင်အေးမြင့်အောင်(အထပြ၊ ငြိမ်း)တို့၏ သားကြီး၊ ဦးသောင်းထိုက် (ဦးစီးအရာရှိ၊ ဆည်မြောင်း တည်ဆောက်ရေး–၂၊ ပြည်မြို့)–ဒေါ်မြစန္ဒာမောင်မောင်၊ ဒေါ်မြသစ္စာမောင်မောင်(Asia Light Co.)တို့၏မောင်၊(ကိုကျော်စွာမောင်မောင်)၏အစ်ကို၊ စဉ့်ကိုင်မြို့၊ မြို့မရပ်နေ မအိအိဇင်၏ခင်ပွန်း၊ မောင်စည်သူထွန်း၊ မသက်ထားသူဇာတို့၏ဖခင်သည် ၂၁–၆–၂၀၀၄ ရက်(တနင်္လာနေ့) မွန်းလွဲ ၂း၁၅ နာရီတွင် မန္တလေးပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃–၆–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁ နာရီတွင် တောင်မြင့်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (မန္တလေးဆေးရုံကြီးမှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဘဒ္ဒန္တ ပညာဒီပ (ဦးမောင်ညွှန့်)
သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၅၅)ဝါ

ပဲခူးတိုင်း၊ ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့၊ ပိတ်ဖြူကျောင်းတိုက်၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ပညာဒီပ မဟာထေရ်မြတ်သည် ၁၃၆၆ခုနှစ် ပထမဝါဆိုလဆန်း ၅ ရက် (၂၁–၆–၂၀၀၄ရက်) တနင်္လာနေ့ ည ၉း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇ ရုပ်ကလာပ်တော်ကို ၁၃၆၆ခုနှစ် ပထမဝါဆိုလဆန်း ၉ ရက် (၂၅–၆–၂၀၀၄ရက်) သောကြာနေ့ မွန်းလွဲ ၁ နာရီတွင် သဃ်္ဃန်းကျွန်းစံပြဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ပင့်ဆောင်၍ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နန္ဒင်းကုန်းကျောင်း၊ သုမင်္ဂလာ ၆ လမ်း၊ သုမင်္ဂလာအိမ်ရာ၊ အပိုင်း ၂၊ သဃ်္ဃန်းကျွန်းမှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ဘဒ္ဒန္တ တေဇနိယ၊ နန္ဒင်းကုန်းကျောင်းတိုက်၊သုမင်္ဂလာအိမ်ရာ။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာ
ဦးကျော်စိုး
(သံလွင်စတိုး၊သံလွင်အမြန်ယာဉ်)
အသက်(၇၂)နှစ်

ပဲခူးတိုင်း၊ဒိုက်ဦးမြို့နယ်၊ပေါက်တပင်ကျေးရွာနေ (ဦးဉာဏ်–ဒေါ်စောမြ)တို့၏သား၊ အမှတ် ၇၁၊ သုနန္ဒာလမ်း၊ (ည) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်ခင်စီ၏ခင်ပွန်း၊ ပဲခူးတိုင်း၊ ဖောင်တော်သီမြို့နေ(ဦးကျော်သိန်း)–ဒေါ်အေးမြိုင်၊ ရန်ကုန်မြို့နေ ဦးသန်းညွှန့်၊ ဦးကျင်သန်းတို့၏ညီ၊ ပေါက်တပင်ရွာနေ ဦးမြသန်း–ဒေါ်ပုံတို့၏အစ်ကို၊ ကိုမြငွေ့အောင်– မသန်းသန်းခိုင်၊ ကိုကြီးမြင့်–မဝင်းဝင်းခိုင်၊ ကိုစန်းလွင်–မထွေးသိန်း၊ ကိုအောင်အောင်–မတူးတူး၊ ကိုသိန်းဝင်း–မတင်တင်လှိုင်၊ ကိုသိန်းဇော်လင်း–မသီတာဝင်းတို့၏ဖခင်၊မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၂–၆–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၀၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၆–၆–၂၀၀၄ရက်(စနေနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်တင်အေး
ကြီးကြပ်ရေးမှူး(ငြိမ်း)
မြန်မာ့အသေးစားချေးငွေလုပ်ငန်း
(ကမာရွတ်)
အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ပုသိမ်ညွှန့်ရပ်ကွက်၊ ၆ လမ်း၊ အမှတ် ၆ နေ (ဦးထွေး–ဒေါ်ငြိမ်း)တို့၏သမီး၊ ဦးစိန်ကြည်–(ဒေါ်စန်းရှင်)၊ ဦးအုံးကြည်–ဒေါ်သန်းလှတို့၏ညီမ၊ ဦးထိန်ဝင်း–ဒေါ်ခင်မြင့်နွယ်၊ ဦးဌေးအောင်၊ ဦးအေးမြင့်–ဒေါ်သွင်သွင်စိန်တို့၏အစ်မ၊ ဦးစိုးမြင့်(ကြီးမှူး၊စီမံ၊ ငြိမ်း၊ အသေးစားချေးငွေလုပ်ငန်း)၏ဇနီး၊ ကိုဗိုလ်ဗိုလ်ဦး–မစန်းစန်းမြင့်၊ ကိုခင်မောင်ထူး(မထသ၊ ဌာနခွဲ–၈)–မမိုးမိုးလွင်(ရာဖြတ်၊ အသေးစားချေးငွေလုပ်ငန်း၊ သိမ်ဖြူရုံးခွဲ)တို့၏မိခင်၊ မြေးနှစ်ယောက်တို့၏အဘွားသည် ၂၂–၆–၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၈း၃၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၄–၆–၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်စန်းစန်းဝေ (ပုပု)
B.A (History) (စစ်တွေ)
အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သစ်တောလမ်း၊ အမှတ် ၂၄ နေ (ဦးကျော်ဖလှ)–ဒေါ်ညွှန့်တို့၏သမီး၊ ရန်ကင်းမြို့နယ်၊ တိုက် ၁၃၅၊အခန်း၄နေ ဦးဘဌေး–ဒေါ်လှရီတို့၏သမီးချွေးမ၊တောင်ဥက္ကလာပမြို့နယ်၊(၁၂)ရပ်ကွက်၊ မာဃ ၁၃ လမ်း၊ အမှတ် ၄၇၂ နေ ဦးတင်မောင်ဌေး၏ဇနီး၊ ရန်ကုန်မြို့၊ ၃၁ လမ်း၊ အမှတ် ၆၀ နေ (ဦးဖြူမောင်)–ဒေါ်ဦးရီ၊ ဒေါ်သန်းယဉ်(အထက–၄၊ အလုံ၊ ငြိမ်း)၊ ဦးမောင်ရွှေ–ဒေါ်လှသိန်း(အထက–၁၊ သန်လျင်၊ ငြိမ်း)၊ (ဦးမောင်မောင်လတ်)–ဒေါ်ယဉ်မေ၊ ဦးမြသာ(ဆည်မြောင်း)၊ ဦးမောင်မောင်မြင့်(ဘရေ)–ဒေါ်တင်နု(အလည)၊ ဦးခင်စိုး–ဒေါ်သန်းသန်းနုတို့၏ညီမ၊ တူ တူမ ၁၁ ယောက်တို့၏အဒေါ်သည် ၂၁–၆–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၃–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်၊ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်ပိုး (ဒေးဒရဲ–ပန်းမဉ္ဇူ)
အသက်(၉၇)နှစ်

အမှတ် ၃၊ သဇင်လမ်း၊ ဒေးဒရဲမြို့နေ (ဦးခွမ်းနား)၏ဇနီး၊ (ဦးမြ)–ဒေါ်ရွှေဝါ၊ ဦးကျော်စိန်၊ ဦးကျော်မြင့်–ဒေါ်နန်းအဲစော၊ ဦးမင်းလွင်–ဒေါ်တင်ကြည်၊ ဒေါ်သန်းသန်းဌေး(ဒေါ်ဖြူ)တို့၏မိခင်၊ ဒေါ်ဌေးဌေးဝင်း၊ ဦးတင်နွယ်–ဒေါ်ကြည်ကြည်မြင့်၊ ဦးသိန်းဖံ–ဒေါ်ခင်လှ၊ ဦးသိန်းဇော်၊ ဒေါ်မြင့်မြင့်သန်း(ပန်းမဉ္ဇူ အလှပြုပြင်ရေး)၊တက္ကသိုလ်ဟန်မင်းဦး(မြန်မာနိုင်ငံဓာတ်ပုံအသင်း၊ စာကြည့်တိုက်မှူး)၊ ဦးမျိုးမင်းလတ်၊ ဦးသက်မောင်–ဒေါ်သန်းသန်းဝင်း၊ ဦးသိန်းရွှေ–ဒေါ်အေးအေးသန်း၊ ဒေါ်ချိုချိုဝင်းတို့၏အဘွား၊ မောင်ဇေယျာဦး(ဆေးတက္ကသိုလ်၊မကွေး)၊ မျိုးမင်းအောင်၊ မြမျက်ခြယ်၊ နှင်းနန္ဒာဦး၊ ဖူးပြည့်ပြည့်ဖြိုးတို့၏ဘွားဘွားကြီးသည် ၂၁–၆–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် နေအိမ်မှဒေးဒရဲသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ကျင်အေး(ခ)ဖွားအေ့ကြုံး
(မော်လမြိုင်မြို့)
အသက်(၆၁)နှစ်

မော်လမြိုင်မြို့နေ (ဦးစိန်တင်)–ဒေါ်တင်ကြည်(ခ)ဒေါ်ဖွန်တို့၏သမီး၊ရန်ကုန်မြို့၊ အမှတ် ၈၊ ကမ္ဘောဇလမ်း၊ ဗဟန်းမြို့နယ်နေ (ဦးချစ်ဆုံ–ဒေါ်တင်)(ချယ်ရီဖိနပ်ဆိုင်၊ ပန်းချယ်ရီဖိနပ်ဆိုင်၊ဗိုလ်ချုပ်ဈေး)တို့၏သမီးချွေးမ၊ ဦးတင်လှ–ဒေါ်မြင့်မြင့်စီ(ဝင်းကမ္ဘာ ပလတ်စတစ်ဆိုင်၊ မော်လမြိုင်မြို့)၊ဦးသိန်းဝင်း–ဒေါ်ကျင်မေတို့၏အစ်မကြီး၊ ဦးနေစိုး၏ဇနီး၊ မခင်လတ်လတ်ကျော် (ခ) မဘေဘီစိုး (B.Sc, Chem:)၊ မခိုင်ဆွေငြိမ်းအေး (ခ)မပုံ့ပုံ့ (B.C.Sc, Hons:)၊ မောင်စစ်ပိုင်စိုးတို့၏မိခင်၊ မောင်မျိုးခင်ဇော်၊ မောင်သန့်ဇော်အောင်၊ မောင်ကိုဇင်မင်း၊ မဇင်ဇင်မိုး၊ မဝင်းရွှေရည်၏ကြီးတော်သည် ၂၁–၆–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၇း၄၀ နာရီတွင် အာရုတော်ဝင်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၃–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မောင်သက်ခိုင်အောင်(ခ) စည်သူ(ခ)ဖိုးလေး
အသက်(၂၅)နှစ်

(ဒေါ်ကျင်နိုင်)၊ (ဦးခင်သက်)၊ (ဦးအုံးမောင်)၊ ရန်ကုန်မြို့နေ ဦးသန်းမောင်–(ဒေါ်စီ)တို့၏မြေး၊ ဦးမြလှိုင်–ဒေါ်ခင်မြမြတို့၏တစ်ဦးတည်းသောသား၊ဦးစိုင်းနေထွန်းဝင်း–ဒေါ်ခိုင်ခိုင်တို့၏ မောင်၊ ဦးမျိုးမြင့်သန်း – ဒေါ်စုမြတ်လှိုင်တို့၏အစ်ကို၊မဥမ္မာအောင်၏ခင်ပွန်း၊မသံသာသက်ခိုင်၏ဖခင်၊ ဦးတင်ဦးမောင်–ဒေါ်ခင်သန်းလှ၊ ဦးနိုင်ဝင်း၊ ဦးသိန်းဝင်း–ဒေါ်စန်းစန်းအေး၊ ဦးခင်မောင်အေး–ဒေါ်စန်းစန်းမော်၊ ဦးလှမင်း–ဒေါ်မူမူထွေးတို့၏တူ/သား၊မခင်သန္တာတင်၊မောင်ဘိုဘိုသိန်း၊မောင်တင်ထူးမောင်၊ မောင်ကောင်းမြတ်မောင်၊ မရူပါသိန်း၊ မအေးစုပိုင်တို့၏အစ်ကို/မောင်၊ မအိပုံ၊ မဒူးဒူး၊မအီးအီး၊မအူဝါးလေးတို့၏ဦးလေးသည် ၂၁–၆–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၂း၃၅ နာရီတွင် သျှင်ပါကူဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၃–၆–၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (မင်္ဂလာတောင်ညွှန့်၊ယုဇနပလာဇာ၊နှင်းဆီလမ်း၊ တိုက် ၄၊ အခန်း ၁၅ နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

လက်တွဲဝန်းရံ အမျိုးသားညီလာခံ

နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေး စိုက်ပျိုးရေးကဏ္ဍအပေါ်အခြေပြု
စိုက်ပျိုးမြေတိုးတက်၊ လယ်ယာအခြေခံသည့် ကျေးလက်စီးပွားရေးမြင့်မား
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး ပေါင်းစပ်၊ နိုင်ငံတော်သစ်ထူထောင်

ရန်ကုန် ဇွန် ၂၂

ကယားပြည်နယ် လွိုင်ကော်မြို့၌ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဇွန် ၂၀ ရက် နံနက် ၁၁ နာရီတွင် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကယားပြည်နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံမှာကြားသည်။ စာမျက်နှာ ၃ ကော်လံ ၁ ■

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရှမ်းပြည်နယ် လွိုင်လင်မြို့သို့ရောက်ရှိရာ ကြိုဆိုသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေး စုံညီအစည်းအဝေးသို့တင်ပြမည့် အကြံပြုချက်စာတမ်းများဖတ်ကြား

အမျိုးသားညီလာခံ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးတွင် အလှည့်ကျ သဘာပတိ ဦးကိုကိုကျော် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၂၂

အမျိုးသားညီလာခံ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၇)၌ကျင်းပရာ သဘာပတိအဖွဲ့ဝင်များနှင့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အလှည့်ကျသဘာပတိအဖြစ် နိုင်ငံခြားရေး စာမျက်နှာ ၁၂ ကော်လံ ၁ ❐

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် မှတ်သားဖွယ်မိုးရေချိန်

၂၂-၆-၂၀၀၄

မင်္ဂလာဒုံ	၀ ဒသမ ၁၉ လက်မ
ရန်ကုန်မြို့လယ်	၀ ဒသမ ၂၀ လက်မ
ကမ္ဘာအေး	၀ ဒသမ ၇၉ လက်မ
မှော်ဘီ	၄ ဒသမ ၉၂ လက်မ

ပုံညာတောင်ဥမင်ဖောက်လုပ်ရေး ဝန်ကြီးဗိုလ်ချုပ်အောင်မင်း စစ်ဆေး လုပ်ငန်းတိုးတက်မှုစဉ်ဆက်မပြတ်စေရေး ဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဇွန် ၂၂

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီးဦးဖေသန်း လိုက်ပါလျက် ဇွန် ၁၈ ရက် ညနေက ပခုက္ကူ-ဂန့်ဂေါ-ကလေးရထားလမ်း ပုံညာတောင်ဥမင်ဖောက်လုပ်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိသည်။ စာမျက်နှာ ၁၂ ကော်လံ ၁ ✻

ယူရို ၂၀၀၄ အုပ်စုပွဲစဉ်များ သုံးသပ်ချက်
ဟော်လန်က လတ်ဗီးယားကိုအနိုင်ကစားမည် နက်ပက်က ဘောလက်ကိုလက်တွဲခေါ်မလား
ကိုထွေး-သုံးသပ်တင်ပြသည်

ရန်ကုန် ဇွန် ၂၂

ယူရို ၂၀၀၄ ဘောလုံးပြိုင်ပွဲကြီး အရှိန်အဟုန်မပျက် ဆက်လက်ခရီးဆက်လျက်ရှိရာ ကွာတားဖိုင်နယ် ပွဲစဉ်များကိုပင် လှမ်းမျှော်ကြည့်၍ရသော အနေအထားသို့ ရောက်လာပြီဖြစ်သည်။ စာမျက်နှာ ၁၃ ကော်လံ ၁ ●

ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဂန့်ဂေါ-ကလေး ကားလမ်းခုံးကျော်တံတားတည်ဆောက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထားပို့ဆောင်ရေး)